The Yearling

Marjorie Kinnan Rawlings

mgyoe.com

တက်တိုး

တစ်နှစ်သား

Marjorie Kinnan Rawlings

mgyoe.com

TT0011
2,200.00 KS

mgyoe.com

တစ်နှစ်သား။ တက်တိုး

စာမျက်နှာ ၂၃၅ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဧပြီလ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၅ ရတနာပုံစာအုပ်တိုက်၏ တတိယအကြိမ်မှ၊
(ပထမအကြိမ်-၁၉၅၂ ရှမဝတိုက်၊ ဒုတိယအကြိမ်-၁၉၆၇-ပုဂံစာအုပ်တိုက်)

ရောင်းဈေး ၂၂၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

တစ်နှစ်သား
THE YEARLING
Marjorie Kinnan Rawlings
တက်တိုး
မြန်မာပြန်

စတုတ္ထအကြိမ်၊ ၂၀၁၈

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

တစ်

လယ်တဲကလေး မီးဖိုခေါင်းတိုင်မှ မီးခိုးလုံးတစ်လုံးသည် အပြာရောင်ရှိသော နွေကာလကောင်းကင်ပြင်သို့ တက်၍ ပျောက်သွားလေသည်။ သူငယ်ကလေး ဂျော်ဒီမှာ ထိုမီးခိုးလုံးကို ငေးကြည့်ရင်း တွေးနေလေသည်။ မီးဖိုမှ မီးကလေး တဖြည်းဖြည်း ငြိမ်းအေးလာလေပြီ။ သူ့မိခင်လည်း နံနက်စာ စားပြီးပြီဖြစ်သဖြင့် အိုးခွက်တို့ကို ဆေးကြောမှောက်ချိတ်နေလေသည်။ ထိုနေ့သည်ကား သောကြာနေ့ဖြစ်၏။ သူ့မိခင်သည် ကြမ်းကို တံမြက်စည်းလှည်းပြီးလျှင် ကောက်ရိုးနှင့် တိုက်ပေလိမ့်မည်။ သူ့အမေ ကြမ်းတိုက်နေစဉ် သူလည်း တောင်ကြားလမ်းဘက်သို့ လစ်ထွက်သွားနိုင်၏။ သူသည် သူ့မိခင်၏အပြုအမူကို ထယ်ထိုးရပ်ကာ လှမ်း၍ကြည့်နေသည်။

ကွင်းပြင်လည်း ပြောင်လျက်ရှိနေသည်။ ထယ်မထိုးရသေးသော အကွက်၌သာ ရိုးပြတ်များ ကွက်၍ ကျန်ခဲ့သည်။ လယ်ထဲ ဝင်းတံခါးထိပ်၌ရှိသော သစ်ပင်ကြီးတွင် ပျားနားသန်းများ အုံလျက်ရှိသည်။ ယင်းတို့သည် လာဗင်ဒါပန်းများကို လောဘတကြီးအုံ၍ စုပ်နေကြလေ

mgyoe.com

mgyoe.com

သည်။ မတ်လက သူတို့စုပ်ခဲ့သော တောစံပယ်ပန်းကိုမူကား မေ့သွားကြလေပြီ။ ရှေ့လတွင် ငွားငွားစွင့်စွင့် ပွင့်ကြမည့် မဂ္ဂနိုလီယာပန်းများကိုလည်း သတိမရကြချေ။ ဆောင်းတွင်းက စုပ်ယူခဲ့သော ပန်းများကို ယခု မေ့ပျောက်သွားကြလေပြီ။ ဂျော်ဒီသည် ထယ်ထိုးရင်း အကြံတစ်ခု ရလေသည်။

"ငါ အခုလို ထယ်ထိုးနေမယ့်အစား ပျားအုံလိုက်ရှာတာကမှ ကောင်းလိမ့်ဦးမယ်"

ဟု တွေးမိသည်။ ထယ်ထိုးခြင်းကား ယနေ့မလုပ်လျှင် နက်ဖြန်လုပ်နိုင်သည်။ ပျားအုံရှာဖွေမှုမှာမူ နှောင့်နှေးလျှင် အခွင့်အရေးလွတ်ဖွယ်ရာ အကြောင်းရှိသည်။ နေလည်း ချစ်စဖွယ် သာလျက်ရှိသည်။ မွန်းလွဲချိန်မှာ သာသောင့်သာယာရှိရကား ဂျော်ဒီအဖို့ စိတ်လှုပ်ရှားသည့် အချိန်ကာလပင်ဖြစ်ပေသည်။ သာယာသော လောကဓာတ်၏အရှိန်သည် သူ့အား လာ၍ ရိုက်လေသည်။ သူ့ခမျာမှာ တကုပ်ကုပ်ထယ်ထိုး၍ နေလိုစိတ်မရှိတော့ဘဲ ထယ်ကိုပစ်ကာ ကွင်းကြီးကိုကျော်၍ ထင်းရှူးတောကို ဖြတ်ကာ စမ်းချောင်းကလေးရှိရာသို့ သွားလိုသောဆန္ဒ ပြင်းပြလျက်ရှိလေသည်။

"ရေဘေးနားမှာ ပျားအုံရှိတဲ့သစ်ပင်တော့ တွေ့မှာပဲ"

ဟု သူ့ကိုယ်သူ ဆင်ခြေပေးလေသည်။

ဂျော်ဒီသည် ထယ်ကို လက်လွှတ်လိုက်ပြီးလျှင် လယ်ကွင်းကို ဖြတ်၍ လျှောက်သွားလေသည်။ သူ့မိခင် ကြမ်းတိုက်၍ ကျန်ရစ်ခဲ့သော လယ်တဲကလေးမှာ သူနှင့် တဖြည်းဖြည်း ဝေးသွားလေတော့သည်။ ဝင်းတိုင်ကိုလွှားခုန်၍ ထင်းရှူးတောဘက်သို့ ထွက်သွားလေသည်။ အမဲလိုက်ခွေးကြီး ဂျူလီယာမှာ သူ့ဖခင်နောက်သို့ လိုက်သွားသဖြင့် မရှိချေ။ သူ့ဖခင်မှာ ဂရေဟောင်ရွာသို့ လှည်းနှင့် သွားလေသည်။ ခွေးကြီးမရှိသော်

mgyoe.com

mgyoe.com

လည်း ခွေးဘီလူး ရစ်နှင့် နောက်မှရောက်လာသော ခွေးသမင် ပါ့ တို့သည် သူ ဝင်းတိုင်ကို လွှားသွားသည်ကိုမြင်သဖြင့် သူ့နောက်သို့ ပြေး၍လိုက်လာကြသည်။ သူက ခွေးများ နောက်မှလိုက်လာသည်ကို မလိုလားသဖြင့် လယ်တဲဘက်သို့ ပြန်မောင်းလွှတ်လိုက်လေသည်။ သူသည်ခွေးများကို မချစ်ခင်လှ။ ခွေးများကလည်း သူ့ကို အစာကျွေးသည့်အချိန်မှအပ ဂရုမစိုက်လှချေ။ ခွေးများကို အမဲလိုက်ရာသာ ခေါ်သွားဖို့ကောင်းသည်။ ယခုကဲ့သို့ တောင်ကြားလမ်းဆီသို့ အလည်သွားရာတွင်ကားသင်းတို့သည် ဘာမျှ အသုံးမဝင်။ ဂျူလီယာခွေးမကြီးကား လူကို ခင်မင်တတ်၏။ သို့သော် သူခင်မင်သည်မှာ ဂျော်ဒီ့ဖခင် ပဲနီဗက်စတာမျှသာဖြစ်သည်။ ဂျော်ဒီလည်း သူ့အား ခင်မင်သည့် ခွေးတစ်ကောင်လိုချင်လှ၏။ စင်စစ်သော်ကား သူသည် ခွေးကိုသာ လိုသည်မဟုတ်။ သူပိုင်ပစ္စည်းဆိုလျှင် မည်သည့်ပစ္စည်းကိုပင်မဆို လိုချင်လှသည်။ အကယ်၍သူ့ဖခင်နောက် တကောက်ကောက်လိုက်နေသော ဂျူလီယာကဲ့သို့ ခွေးကြီးတစ်ကောင် သူ့အဖို့ရှိလျှင် ကောင်းမှာပဲ တွေးထင်မိလေသည်။ သူသည် လမ်းပေါ်က သဲမြေကို ခြေမနှင့်ထိုး၍ စမ်းကြည့်နေရာမှ ရှေ့ဘက်ဆီသို့ ပြေးသွားလေသည်။ သူ့လယ်တဲနှင့် တောင်ကြားမှာ နှစ်မိုင်မျှဝေးကွာသည်။ ထိုနေ့ကား သာယာလှသဖြင့် ဂျော်ဒီသည် ထိုအတိုင်းသာဆိုလျှင် တစ်သက်လုံး မရပ်မနားဘဲ ပြေးနိုင်လိမ့်မည်ဟု မျှော်လင့်မိ၏။ ထယ်ထိုးနေစဉ်က ခြေထောက်များ ညောင်းကိုက်နာကျင်သော်လည်း ယခု ပြေးလိုက်သဖြင့် ထိုဝေဒနာမှာ ပျောက်သွားလေပြီ။

သူသည် သဲထူထပ်သော ငွေတောင်ကြားလမ်းသို့ ရောက်လေပြီ။ တောပန်းများလည်း ဝေဝေဆာဆာ ပွင့်လျက်ရှိသည်။ သူလည်း သစ်ပင်များ၊ ချုံပုတ်များကို တစ်ခုပြီးတစ်ခု စိစစ်ကြည့်ရှုရင်း တဖြည်းဖြည်း လျှောက်သွားလေသည်။ ယင်းသို့ စိစစ်ကြည့်ရှုသော်လည်း စင်စစ်

mgyoe.com

mgyoe.com

အားဖြင့် မလိုချေ။ ထိုသစ်ပင်များ၊ ချုံပုတ်များမှာ သူသိပြီး ကျွမ်းပြီးများ သာဖြစ်သည်။ မကြာခဏ ဤနေရာသို့ ရောက်နေကျဖြစ်သဖြင့် အထူး စိစစ်ကြည့်ရှုရန် မလိုချေ။ သို့ရာတွင် ထိုနေ့၌ သူ့စိတ်မှာ လှုပ်ရှားနေ သဖြင့် ထိုသစ်ပင်များ၊ ချုံပုတ်များမှာ သူ့အဖို့ သာမန်အရာဝတ္ထုများ မဟုတ်တော့ဘဲ ထူးခြားသစ်လွင်နေလေတော့သည်။ မဂ္ဂနိုလီယာပင်ကြီး အောက်သို့ ရောက်သောအခါ သူသည် ပင်စည်တွင် တောကြောင်အရုပ် တစ်ရုပ် ဓားနှင့်ကွင်း၍ ခြစ်လိုက်လေသည်။ ယင်းသို့ ကြောင်ရုပ်ထွင်း နေစဉ် စဉ်းစားမိသည်မှာ မဂ္ဂနိုလီယာပင်ရှိလျှင် အနီးအနား၌ စမ်းပေါက် ရှိရမည်ဟူသော အတွေးပင်ဖြစ်သည်။ ထိုအတွေးမှ ဆက်လက်၍ မိုး မြေ ရေတို့အကြောင်းကို လျှောက်၍ စဉ်းစားနေလေသည်။ ချောင်းများ၊ အိုင်များရှိရာ၌ မဂ္ဂနိုလီယာပင်များ ထွန်းကားသည့်အချက်ကိုလည်း သူ တွေးမိကာ အံ့ဩနေလေသည်။

သူ လျှောက်သွားသောလမ်းမှာ တဖြည်းဖြည်း နိမ့်သွားပြီးလျှင် စမ်းပေါက်တစ်ခုကို တွေ့ရသည်။ စမ်းပေါက်အနီးအနား၌ကား မဂ္ဂနို လီယာပင်များနှင့် အခြားသစ်ပင်များ၊ ချုံများ ထူထပ်စွာ ပေါက်၍နေ လေသည်။ သူသည် စမ်းချောင်းထဲသို့ ဆင်းသွားလေသည်။ အေးမြ သော စမ်းရေကြောင့် သူ့စိတ်မှာ ထူးထူးခြားခြား ရွှင်ကြည်လာလေ သည်။ ထိုနေရာကလေးကို သူသည် အထူးပင် ချစ်ခင်မိတော့သည်။

တွင်းရေတမျှ ကြည်လင်လှသော စမ်းရေသည် ဘယ်က ထွက် လာသည်မသိ၊ သဲထဲမှ တပွက်ပွက် ပွက်၍ ထွက်လာလေသည်။ စမ်း ပေါက်မှ မြေပြင်သို့အတက်တွင် ရေသည် ဝဲထလျက်ရှိသည်။ သဲပွင့် ကလေးများလည်း ဝဲထဲတွင် လှိုက်၍ လှိုက်၍ တက်လာကြလေသည်။ ထိုစမ်းပေါက်မှ ကျော်လွန်၍သွားသောအခါ စမ်းချောင်းကြီးသည် ဖြူဖွေး နေသော ထုံးမြေတစ်လျှောက် တသွင်သွင်စီးဆင်းကာ ဂျော့ ကန်တော်

mgyoe.com

mgyoe.com

ကြီးသို့ စီးဝင်သွားလေသည်။

ချော့ ကန်တော်ကြီးမှာ စိန့်ဂျွန်းမြစ်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ စိန့်ဂျွန်းမြစ်သည်ကား မြောက်စူးစူးသို့ စီးဆင်းကာ ပင်လယ်တွင်းသို့ စီးဝင်သွားသော မြစ်ကြီးပင်ဖြစ်သည်။ ဂျော်ဒီသည် ထိုအချက်ကို တွေးမိသဖြင့် သဘောကျနေလေသည်။ ပင်လယ်ထဲသို့ စီးဝင်မည့်ရေများကိုကြည့်၍ စိတ်လှုပ်ရှားလျက်ရှိသည်။ စင်စစ်သော်ကား ထိုစမ်းချောင်းကြီးမှာ ပင်လယ်၏အစပင်ဖြစ်ရာ ထိုနေရာသို့ လူသူအရောက်အပေါက် နည်းလေသည်။ ဂျော်ဒီက သူ့အပြင် ရေသောက်လာသော တောရိုင်းတိရစ္ဆာန်များသာလျှင် ဤနေရာသို့ ရောက်လာလေ့ရှိသည်ဟု တွေးထင်ကာ ကျေနပ်၍နေလေသည်။

တောင်ကြားမှာ အေးချမ်းလှ၏။ ဂျော်ဒီသည် ဘောင်းဘီစကို လိပ်၍ ရေတိမ်ဘက်ဆီသို့ ဆင်းလျှောက်သွားလေသည်။ လေပြည်ကလေးသည် သူ့ခေါင်းပေါ်၌ မိုးအုပ်၍နေသော သစ်ကိုင်းများကို လှုပ်ရှားစေလေသည်။ သစ်ကိုင်းများ လှုပ်သဖြင့် ယှက်နေသော သစ်ကိုင်းများဟသွားကာ နေရောင်ခြည်သည် ဦးခေါင်းပေါ်သို့ ကျရောက်လာလေသည်။ ခေါင်းကပူ၍ ခြေထောက်အေးသည့်အဖြစ်ကို ဂျော်ဒီ နှစ်သက်လေသည်။ လေပြည်ကလေးလည်း တိတ်သွားလေသည်။ ဟနေသော သစ်ကိုင်းများလည်း ပြန်၍ စေ့သွားကြလေသည်။ သူလည်း ကမ်းတစ်ဖက်သို့ ရေထဲမှ ဖြတ်ကူး၍ သွားလေသည်။ ကမ်းစပ်၌ပေါက်နေသော ကျူပင်တို့ကို သူသည် တိုးဝှေ့သွားစဉ် သူ့ဘောင်းဘီအိတ်ထဲ၌ ဓားပါလာသည်ကို သတိရမိလေသည်။ သူသည် လွန်ခဲ့သည့် ခရစ္စမတ်ပွဲတော်အချိန်ကတည်းက တစ်နေ့နေ့တွင် ရေရဟတ်ကလေးတစ်ခုလုပ်ရန် ရည်မှန်းထား၏။ ထို့ကြောင့်လည်း သူ့၌ ဓားတစ်စင်း ပါလာလေသည်။

ရေရဟတ်ကို သူကိုယ်တိုင် မလုပ်ဖူးချေ။ သူ့အဖို့ အဘွား

mgyoe.com

mgyoe.com

ဟပ်တို၏ သား အော်လီဗာက အမြဲပင် လုပ်ပေးလေ့ရှိသည်။ ဦးလေး အော်လီဗာမှာ ပင်လယ်သင်္ဘောသားတစ်ဦးဖြစ်ရာ ပင်လယ်သို့ မကြာခဏ ထွက်သွားတတ်လေသည်။ သူ ပင်လယ်မှ ပြန်အလာတွင် ဂျော်ဒီဖို့ ရေရဟတ်ကလေးတစ်ခု အမြဲတမ်း လုပ်ပေးလေ့ရှိသည်။ ယခုအခါ ဂျော်ဒီသည် အော်လီဗာကို အားမကိုးတော့ဘဲ သူကိုယ်တိုင် ရေရဟတ်လုပ်ရန် ကြိုးစားလေတော့သည်။ အော်လီဗာ ရေရဟတ်လုပ်ပုံမှာ သူ့မျက်စိထဲတွင် မပျောက်နိုင်ပေ။ မျက်နှာထား တည်တည်ကြီးနှင့် 'ရဟတ်ဘီးကို ထောင့်ညီအောင် ချ၍လုပ်မှ အလည်မှန်သည်' ဟု အော်လီဗာက ပြောဖူးလေသည်။

ရေမှာ အတော်ပင် တိမ်၏။ သို့သော် ရေစီးသန်လှသည်။ သူ့ရေရဟတ်ကလေးမှာ ရေစီးထဲတွင် ကောင်းစွာ လည်၍နေလေသည်။ သူလည်း ရဟတ်ကလေးကိုကြည့်ရင်း သက်ပြင်းတစ်ချက် ရှူလိုက်လေသည်။ ထို့နောက် ကျူပင်အနီးရှိ သဲပေါ်တွင် သူ့ကိုယ်ကို ပစ်လှဲ၍ ရဟတ်ကလေး လည်နေသည်ကို စိုက်၍ ကြည့်နေလေသည်။ ရဟတ်ဒလက်ကလေးများလည်း တစ်ခုပေါ်တစ်ခု ကျော်၍ ကျော်၍ လှည့်ပတ်နေလေသည်။ ရဟတ်ကလေးကိုကြည့်ရသည်မှာ အထူးပင် စိတ်ဝင်စားဖွယ်ရာ ဖြစ်ပေတော့သည်။

သူ့အပေါ်သို့ ကျရောက်လျက်ရှိသော နေရောင်ခြည်မှာ စောင်သဖွယ် သူ့ကို လွှမ်းခြုံလျက်ရှိလေသည်။ သူလည်း လှဲနေရာမှ ရဟတ်ကလေး လည်နေသည်ကို ကသိုဏ်းရှုသလို ကြည့်နေလေသည်။ ရဟတ်ကလေး၏ လည်ပုံမှာ သူ့အား စိတ်ညို့သကဲ့သို့ ဖြစ်လေသည်။ ဒလက်ကလေးများ ရေအလျဉ်တွင် ပေါ်တုံ မြုပ်တုံ ဖြစ်နေစဉ် သူ့ မျက်တောင်လည်း တဖြည်းဖြည်း စင်း၍ စင်း၍ လာလေတော့သည်။ ရဟတ်ကလေးလည်သဖြင့် နောက်မှ တသီတတန်းကြီး လိုက်လာသော

mgyoe.com

mgyoe.com

ရေပွက်ကလေးများမှာ ကြယ်တံခွန်အမြီးနှင့် တူတော့၏။ တဖြည်းဖြည်း တိမ်ဖြူများ စွန်းနေသော ကောင်းကင်ပြာသည် သူ့မျက်စိထဲမှ ပျောက်သွားလေတော့သည်။

သူ နိုးလာသောအခါ နေဝင်သွားချေပြီ။ အလင်းရောင်လည်း ကင်းမဲ့လျက်ရှိချေပြီ။ လောကဓာတ်တစ်ခုလုံးမှာ မွဲခြောက်ခြောက် အရောင် ဆောင်လျက်ရှိ၏။ ရေတံခွန်မှ ကျလာသော ရေမှုန်ကလေးများ ကဲ့သို့ နှင်းမှုန်ကလေးများလည်း သူ့အပေါ်သို့ ကျလျက်ရှိလေပြီ။ ထို နှင်းမှုန်ကလေးများမှာ သူ့အသားကို ကလိပေးသကဲ့သို့ ယားကျိကျိဖြစ်စေသည်။ သူ့ကိုယ်၌ ပူရှိန်းရှိန်း၊ အေးမြမြ တစ်လှည့်စီဖြစ်၍နေလေသည်။ သူသည် သဲပေါ်တွင် တစ်ချက်မျှလှိမ့်ပြီးလျှင် ပက်လက်လှန်ကာ တဖွားဖွားကျနေသော နှင်းပေါက်ကလေးများ၏ အေးမြသော အရသာကို ခံယူနေလေသည်။ သူ့မျက်နှာနှင့် အကျီတို့ စိုထိုင်းလာသောအခါ အိပ်ရာမှ လူးလဲထလိုက်လေသည်။ ထို့နောက် သူ့အနီးရှိ သမင်ခြေရာများကိုကြည့်ကာ အံ့အားသင့်နေလေသည်။ သူအိပ်နေခိုက် သမင်တစ်ကောင် ရေသောက်ဆင်းလာကြောင်း လတ်လတ်ဆတ်ဆတ် ခြေရာများကိုကြည့်ခြင်းဖြင့် သိရလေသည်။ ခြေရာများမှာ ရေစပ်တွင် ပျောက်သွားကြသည်။ ခြေရာများ ချွန်းသည်ကိုထောက်သော် သမင်မကလေးဖြစ်ရမည်ဟု ဂျော်ဒီ မှန်းဆမိလေသည်။ သမင်မကလေး ရေသောက်ဆင်းလာစဉ် သူအိပ်ပျော်နေသည်ကို မြင်ဟန်မရှိချေ။ နောက်မှ လူနံ့ရ၍ ကြောက်အားလန့်အားနှင့် ပြန်တက်ပြေးပုံရသည်။ သူသည် အခြားခြေရာများ ရှိဦးမည်လောဟု အနီးအနားတွင် လျှောက်၍ ကြည့်လေသည်။ ရှုပ်ထွေးနေသော ရှဉ့်ခြေရာကလေးများကို တွေ့ရသည်။ ရှဉ့်များမှာ လူကိုမကြောက်၊ ရဲတင်းလှ၍ သစ်ပင်မှ ရေစပ်သို့ ဆင်းချည် တက်ချည် လုပ်နေကြဟန်ရှိ၏။ မြွေပါတစ်ကောင်၏ခြေရာကိုလည်း တွေ့ရလေ

mgyoe.com

သည်။ သို့သော် သူအိပ်နေခိုက် ရောက်လာသည်ဟု မဆိုသာ။ ခြေရာမှာ မလတ်ဆတ်လှချေ။ တောရိုင်းတိရစ္ဆာန်များနှင့်ပတ်သက်၍ကား သူ့ဖခင်က ကောင်းစွာ သိပေသည်။ ဘယ်အကောင်မျိုး ဘယ်အချိန်တွင် လာတတ်သည်ဟု အတိအကျ ပြောနိုင်ပေသည်။ ဂျော်ဒီ သိသည်မှာ ကား သူအိပ်နေခိုက် သမင်မကလေးတစ်ကောင် ရေသောက်ဆင်းလာ ကြောင်းပင်ဖြစ်သည်။ သူသည် ရေရဟတ်ကလေးကို သတိရ၍ လှမ်း ကြည့်လိုက်ရာ ရဟတ်ကလေးမှာ သူမအိပ်ခင်ကကဲ့သို့ပင် ခပ်သွက်သွက် လည်လျက်ရှိလေသည်။ ထန်းရွက်နှင့်လုပ်ထားသော ဒလက်ကလေး များမှာ ရေနူး၍ ပျော့ခွေသွားရန်သာ ရှိတော့သည်။ ခွေလောက်အောင် မပျော့ရှာသေးချေ။ တစိမ့်စိမ့်ကျလာသော မိုးထဲတွင် ရဟတ်ကလေးမှာ ပြောင်လက်လက်ဖြစ်နေလေသည်။

ဂျော်ဒီသည် ကောင်းကင်ကို မော့ကြည့်လိုက်၏။ သို့ရာတွင် ဘယ်အချိန်ရှိပြီဟူ၍ကား မသိချေ။ ဘယ်လောက်ကြာကြာ အိပ်ပျော် သွားသည်ကိုလည်း မမှန်းဆတတ်ချေ။ သူသည် အနောက်ဘက်ကမ်း သို့ ပြေးတက်သွားပြီးလျှင် ငေး၍နေလိုက်လေသည်။ အိမ်ပြန်ရ ကောင်း မလား၊ ဆက်၍နေရကောင်းမလားဟု တွေးနေစဉ်ပင် တစိမ့်စိမ့်ရွာနေ သော မိုးကလေးမှာ တိတ်သွားလေသည်။ နေလည်း ပြန်ထွက်လာသည်။ တိမ်ဖြူများလည်း လိပ်၍ လိပ်၍ စုခဲနေကြလေသည်။ တစ်ဖက်မှ သက်တံ့ကြီးတစ်စင်း ပေါ်ထွက်လာလေရာ ဂျော်ဒီမှာ ရောင်စုံခြယ်ထား သည့် သက်တံ့ကြီးကိုကြည့်၍ ပျော်ရွှင်နေလေသည်။ မြေပြင်မှာ စိမ်း လဲ့လဲ့ မွဲပြာပြာဖြစ်နေလေသည်။ သစ်ရွက်တို့မှာလည်း ပြန်ထွက်လာ သော နေရောင်ခြည်အောက်တွင် ရွှေရောင်ထလျက်ရှိကြသည်။ မိုးပေါက် ကလေးများလည်း သစ်ရွက်များအစွန်းတွင် တွဲလဲခိုလျက် နေရောင် အောက်၌ တဖိတ်ဖိတ်တောက်၍ နေကြလေသည်။

mgyoe.com

mgyoe.com

ဂျော်ဒီလည်း လေအောက်တွင် တလှုပ်လှုပ် ကခုန်နေသော သစ်ကိုင်းသစ်ရွက်ကလေးများနည်းတူ ခုန်ပေါက်မြူးထူးချင်စိတ်ကို သိုသိပ်၍မရအောင် ဖြစ်နေလေတော့သည်။ ထို့ကြောင့် သူသည် လက်နှစ်ဖက်ကို ဆန့်တန်းကာ ချာချာလည်အောင် လှည့်လိုက်ရာ အတန်ကြာသောအခါ မူးနောက်နောက်ဖြစ်ကာ မြေပေါ်သို့ လဲကျသွားလေသည်။ ကောင်းကင်ပြာနှင့် တိမ်ဖြူတို့သည် သူ့အပေါ်တွင် ရစ်ဝဲအုပ်ဆိုင်းလျက်ရှိကြသည်။ ဂျော်ဒီ၊ မြေပြင်၊ သစ်ပင်၊ ကောင်းကင်တို့မှာ တစ်သားတည်းဖြစ်နေတော့သည်။ သူ့ခေါင်းထဲမှ မူးနောက်နောက်ဖြစ်နေခြင်းမှာ ပျောက်ကွယ်သွားလေပြီ။ သူလည်း ခေါင်းရှင်းရှင်းနှင့်ပင် ထလိုက်လေသည်။ သူ့စိတ်ထဲ၌ ရီဝေဝေဖြစ်နေလေသည်။ မိန်ရာသီ၏ ပယောဂကြောင့် သူ့စိတ်လှုပ်ရှားနေခဲ့လေရာ ယခုမှ အတော်ပင် သက်သာခွင့်ရလေတော့သည်။

မကြာမီပင် သူသည် အိမ်ဘက်သို့လှည့်၍ ကဆုန်ပေါက်ကာ ပြန်သွားလေသည်။ ထင်းရှူးတောကြီးကို ဖြတ်သွားစဉ် တသင်းသင်းထွက်နေသည့် ထင်းရှူးနံ့ကလေးကို အားရပါးရ ရှူရှိုက်လိုက်လေသည်။ မိုးရေထိထားသဖြင့် ထင်းရှူးနံ့ကလေးမှာ ပို၍ ပျံ့နှံ့ကြိုင်လှိုင်လျက်ရှိလေသည်။ အလာက သူ့ခြေကို ဆွဲ၍ချုပ်ထားခဲ့သော သဲများမှာ အပြန်တွင် မိုးရေကြောင့် သိပ်သည်းနေသဖြင့် ပြေးရသည်မှာ သက်သာလှ၏။ နေလည်း ဝင်ခါနီးဖြစ်လေပြီ။ သူ့ဖခင် ဂရေဟောင်ရွာမှ ပြန်မရောက်နိုင်သေးဟု တွက်ဆမိသည်။ သူ့ဖခင်မရှိခိုက် အိမ်မှထွက်ခွာရန် မသင့်ကြောင်းကို သတိရမိသည်။ သူ့မိခင်က ထင်းလိုလျှင် ထင်းခုတ်ပေးရမည်ဖြစ်ရာ ယခု သူမရှိခိုက် သူ့မိခင် မီးမွှေးရန် ထင်းလိုသောအခါ သူ့အား စိတ်ဆိုး၍နေပေလိမ့်မည်။ သူ့ကို အလိုလိုက်သော ဖခင်ကပင် လျှင် သူ ယခုကဲ့သို့ ထွက်၍ လည်ပတ်နေသည်ကို မနှစ်သက်သည့်

mgyoe.com

mgyoe.com

အလျောက် 'ငါ့သားရယ်' ဟု လေအေးကလေးနှင့် ကြိမ်းကောင်းကြိမ်းပေလိမ့်မည်။ သူသည် တဲအနီးသို့ရောက်လျှင်ပင် မြင်းကြီး ဆီဇာ၏ အသံကို ကြားရသဖြင့် သူ့အဖေ ရောက်နှင့်ပြီဖြစ်ကြောင်း သိရတော့သည်။

ပဲနီဗက်စတာသည် ထင်းပုံအနီးတွင် ရပ်နေလေသည်။ သူ ဝတ်ထားသော ကုတ်အင်္ကျီမှာ သူ မင်္ဂလာဆောင်စဉ်ကရသော အင်္ကျီဖြစ်ရာ သူ့အဖို့ အကောင်းဆုံးဖြစ်၍ ဘုရားရှိခိုးကျောင်းသို့ သွားသော အခါ၌လည်းကောင်း၊ မြို့သို့သွားသောအခါ၌လည်းကောင်း ဝတ်ဆင်လေ့ရှိသည်။ ယခု သူ့ခမျာမှာ ထိုအင်္ကျီကိုပင် မချွတ်ရသေးခင် ထင်းသယ်နေရရှာသည်။ ထင်းသယ်သောအလုပ်မှာ ဂျော်ဒီ၏ အလုပ်ပင်ဖြစ်ရာ တစ်ညနေလုံး တောင်ကြားဘက်သို့ လစ်နေသော ဂျော်ဒီမှာ ထို အခြင်းအရာကိုမြင်သော် သူ့အပြစ်နှင့်သူ မလုံသဖြင့် သူ့ဖခင်ရှိရာသို့ ပြေးသွားလေသည်။

"နေပါစေ ဖေဖေ၊ ကျွန်တော် လုပ်ပါ့မယ်"

ယင်းသို့ ပျာပျာသလဲပြော၍ ထင်းသယ်ပေးလိုက်လျှင် သူ့အပြစ် လွတ်ငြိမ်းလိမ့်မည်ဟု ဂျော်ဒီထင်မိ၏။

"သားရယ်၊ မင်းပျောက်နေလိုက်တာ၊ ငါဖြင့် ပြန်မတွေ့တော့ဘူးလို့ အောက်မေ့နေတာပဲ"

ဟု သူ့ဖခင်က ဆိုလိုက်လျှင် ...

"ကျွန်တော် တောင်ကြားကိုသွားနေတာပါ"

ဟု ဂျော်ဒီက လေသံပျော့ကလေးနှင့် ပြန်ပြောလိုက်လေသည်။

"အခုနေအခါ နေက ပြင်းလွန်းလို့ ဘယ်နေရာမှ သွားဖို့ မကောင်းဘူးကွ၊ မင်းက ဘာဖြစ်လို့ ဒီလောက်တောင် ဝေးဝေးလံလံ သွားနေရသလဲကွာ"

mgyoe.com

mgyoe.com

ဂျော်ဒီလည်း ထိုမျှ ဝေးဝေးလံလံ ဘာကြောင့်သွားရသည်ကို သူကိုယ်တိုင် မသိချေ။ အတန်ကြာ စဉ်းစားမှ သူသည် တူးရှင်းပေါက် ပြားကိုချ၍ တောင်ကြားဘက်သို့ ထွက်သွားကြောင်း ခပ်ရေးရေး သတိရ မိပေတော့သည်။

"ဩော် ... ကျွန်တော်သွားတာကတော့ ပျားတွေနောက်ကို လိုက်တာ၊ ပျားအုံရှိတဲ့သစ်ပင် ဘယ်မှာရှိသလဲလို့ လိုက်ရင်း တောင်ကြား ထဲကို ရောက်သွားတာ ဖေဖေရဲ့"

"ပျားတွေ တွေ့ခဲ့ရဲ့လား"

ဂျော်ဒီမှာ ရုတ်တရက် အဖြေမပေးနိုင်၍ ငေးနေလေသည်။ သူသည် လယ်ကြွက်များကို လိုက်မိသဖြင့် သခင် အဖမ်းခံရသော လယ် တောခွေးကဲ့သို့ ကြောင်တက်တက်ဖြစ်သွားလေသည်။ သူ ငေးကြည့် နေသည်ကို သူ့ဖခင်က ကြည့်၍ ပြုံးလေသည်။

"ဂျော်ဒီ .. မင်းဟာ ပျားကို ရမယ်ရှာပြီး မင်းလျှောက်လည်ချင် လို့ လည်တာ မဟုတ်ဘူးလားကွာ၊ မှန်မှန်ပြောစမ်းပါ"

ဂျော်ဒီသည် ပြုံးဖြီးဖြီးလုပ်နေလေသည်။

"ဟုတ်ကဲ့ .. အစကတော့ ပျားအုံလိုက်မလို့ပါပဲ"

"အေးပါကွာ၊ ငါလည်း အဲဒီလိုပဲ ထင်မိပါတယ်၊ ငါကတော့ ကိုယ်ချင်းစာပါတယ်၊ အခုလို သာသာယာယာနေ့မျိုးမှာ ကောက်ရိတ် နေရတာ အလွန်ပျင်းဖို့ ကောင်းတာပဲ၊ ငါ မင်းလို လူငယ်ကလေး တစ်ယောက်သာဆိုရင် မင်းလိုပဲ လျှောက်လည်မှာပေါ့ကွ၊ ရောက်တတ် ရာရာ လျှောက်သွားနေမှာပေါ့"

ဂျော်ဒီလည်း သူ့ဖခင်၏ ကိုယ်ချင်းစာတရားကို ကျေးဇူးတင် ဝမ်းမြောက်စွာ လက်ခံသည့်အနေနှင့် ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ကဲ့ .."

mgyoe.com

mgyoe.com

ဟု သူက ဆိုလိုက်သည်။

"ငါကတော့ ကိစ္စမရှိပါဘူး၊ ယောကျ်ားချင်းချင်းမို့ ကိုယ်ချင်းစာတတ်ပါတယ်၊ ဒါပေမဲ့ မင်းအမေက ရှိသေးတယ်၊ သူကတော့ ငါတွေးသလို တွေးတတ်မယ်မဟုတ်ဘူး၊ မိန်းမဆိုတာ ယောကျ်ား စိတ်နေသဘောထားကို တစ်သက်လုံး ရိပ်မိတတ်တာမှ မဟုတ်ဘဲကွာ၊ ငါက မင်းလည်နေရင် လည်ပါစေလေ၊ သူလည်း လည်ချင်ပေမပေါ့လို့ အောက်မေ့ပေမယ့် မင်းအမေက ဂျော်ဒီတစ်ယောက် ဘယ်မှာလဲလို့ ခဏခဏ မေးတတ်တယ်၊ ငါက ဟိုနားဒီနား သွားလည်နေမှာပေါ့လို့ ခပ်ပေါ့ပေါ့ပြောလိုက်တာပဲ"

ပဲနီသည် သူ့သားကို မျက်စတစ်ဖက် ပစ်ပြလိုက်ရာ သူ့သား ဂျော်ဒီက သူ့အား ပြန်၍ မျက်စပစ်ပြလိုက်လေသည်။

"ယောကျ်ားတွေက မိန်းမကို အလိုလိုက်ရတာပေါ့ မောင်ရာ၊ နို့မို့ရင် တပူပူတဆူဆူ နေကြမှာကိုး၊ အဲဒီတော့ ငြိမ်းချမ်းသာယာရေး အတွက် ယောကျ်ားများက မိန်းမများကို လျှော့ပေးရတာပေါ့၊ အေး.. အေး .. ထင်းသွားသယ်ချေ"

ဂျော်ဒီသည် ထင်းချောင်းများကို လက်တွင်ပွေ့၍ အိမ်ထဲသို့ ယူသွားလေသည်။ သူ့မိခင်သည် မီးဖိုတွင် ဒူးထောက်၍နေလေသည်။ အမွှေးနံ့သည် ဂျော်ဒီ၏နှာခေါင်းတွင်းသို့ ဝင်သွားပြီးလျှင် ဂျော်ဒီအား ဆာလောင်မွတ်သိပ်သည့်အာရုံ ဖြစ်ပွားလာစေသည်။

"မေမေ .. ထောပတ်မုန့် ကြော်နေတာလား၊ သိပ်မွှေးတာပဲဗျာ"

"အေး .. ထောပတ်မုန့်ပေါ့ကွ၊ မင်းတို့တစ်တွေက ဟိုသွားဒီသွားနဲ့ အလကား အချိန်ဖြုန်းနေကြတယ်၊ ညစာအသင့်ရှိနေပြီ"

ဂျော်ဒီသည် ထင်းချောင်းများကို ထင်းသေတ္တာထဲသို့ ပစ်ထည့်လိုက်ပြီးနောက် ထွက်သွားလေသည်။ သူ့ဖခင်ကား ထရစ်ဆီအမည်ရှိ

mgyoe.com

mgyoe.com

သော နွားမကို နို့ညှစ်နေသည်။

"မေမေက ခပ်မြန်မြန်လုပ်ပြီး ညစာစားဖို့ လာပါတဲ့၊ ကျွန်တော် ဆိဇာကြီးကို အစာကျွေးလိုက်ရတော့မလား"

ဟု ဂျော်ဒီက မေးလေသည်။

"ငါကျွေးပြီးပါပြီ သားရယ်၊ ဒီနို့ပုံးကို အိမ်ထဲ ယူသွားစမ်း၊ သတိထားသွားနော်၊ ခလုတ်တိုက်လဲပြီး နို့တွေကို ဖိတ်မပစ်နဲ့ဦး၊ မင်း မနေ့က နမော်နမဲ့တွေလုပ်လို့ နို့တွေဖိတ်ကုန်တာ မှတ်မိသေးရဲ့လား၊ ထရစ်ဆီ အေးအေးသာနေတော့"

ပဲနီသည် ထရစ်ဆီကို ကြိုးလျှော့ပေးခဲ့ပြီးနောက် ဂျော်ဒီနောက် မှနေ၍ အိမ်ဘက်သို့ ထွက်သွားလေသည်။ သူနှင့် သူ့သားတို့သည် ရေချိုးခန်းတွင် ခြေလက် မျက်နှာတို့ကို ဆေးကြော၍ မီးဖိုချောင်ရှေ့တွင် ချိတ်ထားသော မျက်နှာသုတ်ပဝါတွင် အသီးသီးသုတ်ကြလေသည်။

မာဗက်စတာလည်း စားပွဲတွင်ထိုင်၍ သူ့ခင်ပွန်းနှင့် သားတို့ ကို စောင့်ရင်း သူတို့အဖို့ ပန်းကန်များထဲတွင် ခူးခပ်ထည့်ပေးနေလေ သည်။ သူ၏ ဝဖြိုးသော ကိုယ်ကာယကြီးမှာ သေးငယ်ကျဉ်းမြောင်း သော စားပွဲထိပ်တွင် ပြည့်၍နေလေသည်။ ဂျော်ဒီနှင့် သူ့ဖခင်တို့သည် မာ၏ တစ်ဖက်တစ်ချက်တွင် ထိုင်ကြသည်။ သူသည် စားပွဲထိပ်တွင် နေလေသည်။ သူ့ခင်ပွန်းနှင့် သားတို့မှာ သူ့အား အမြဲတမ်း စားပွဲထိပ် တွင် နေသင့်သည်ဟူ၍ ထင်ကြကုန်၏။ သူ စားပွဲထိပ်တွင်နေခြင်းသည် အလွန်သဘာဝကျလှသည်ဟု သူတို့အောက်မေ့ကြလေသည်။

ဂျော်ဒီသည် သူ့ရှေ့တွင်ချထားသော ပန်းကန်၌သာ အာရုံ စူးစိုက်နေသောကြောင့် အခြား ဘာကိုမျှမမြင်။ ဘာကိုမျှ မကြားပေ။ သူသည် ထိုနေ့ညနေကလောက် ဘယ်သောအခါကမျှ ဤမျှ ဆာ လောင်မွတ်သိပ်ခြင်း မရှိခဲ့ချေ။ ထိုနှစ်တွင် ဘက်စတာတို့ အိမ်သားများ

mgyoe.com

mgyoe.com

အဖို့ ဝမ်းစာနည်းပါးလှသည်။ ဆောင်းရာသီမှာ အတော်ပင် အအေးလွန်ခဲ့၍ နွေဦးမှာလည်း အနှစ်နှစ်ကထက် ကုန်ခဲလှသောကြောင့် ကောက်ပဲသီးနှံ အထွက်နည်း၍သွားချေသည်။ ယင်းသို့ ချို့တဲ့စေကာမူလည်း မာဇတ်စတာမှာ သူ့ခင်ပွန်းနှင့် သားတို့အား မငြိုငြင်စေရအောင် ချက်ပြုတ်ကျွေးမွေးလေသောကြောင့် ဂျော်ဒီက ညစာစားပွဲကို ကြည့်၍ ...

"ဒီလို အစားအစာမျိုးဟာ တောင်သူလယ်သမားများနဲ့တောင်မှ မတန်ဘူး၊ ဘုန်းကြီးရဟန်းများနဲ့သာ တန်ပါပေတယ်"

ဟု စိတ်တွင်းကနေ၍ ချီးမွမ်းလိုက်မိလေသည်။

ဂျော်ဒီမှာ ဘီစကွတ် ခပ်များများ စားလိုက်ချင်လှ၏။ သို့သော် ဘီစကွတ်များများ စားလိုက်လျှင် ဝမ်းဗိုက်ထဲတွင် ထောပတ်မုန့် ထားစရာနေရာ မရှိမည်ကိုလည်း စိုးရိမ်သေး၏။ ယခင်ကလည်း ယင်းသို့ ဖြစ်ခဲ့ဖူးလေပြီ။ ဘီစကွတ်ကို နင်း၍ သွတ်လိုက်ပြီးနောက် သူကြိုက်နှစ်သက်သော ထောပတ်မုန့် အရသာရှိရှိ မွှေးမွှေးကလေးကို လွေးမည်အားခဲသော်လည်း ဝမ်းပြည့်နေသဖြင့် အန်ထွက်မည်စိုးရသောကြောင့် နောက်ဆုံး၌ သူ့အကြိုက် ထောပတ်မုန့်ကို မစားတော့ဘဲ လက်လျှော့လိုက်ရလေသည်။ ဘီစကွတ်နှင့် ထောပတ်မုန့် ဘယ်သင်းကို ရွေးရမည်နည်းဟု မေးလာလျှင် သူ့အဖို့ အဖြေကား လွယ်လှ၏။ ရှင်းလှ၏။

"မေမေ .. ကျွန်တော် အခု ထောပတ်မုန့် မစားရသေးဘူးလား"

မာဇက်စတာသည် သူ၏ ကြီးမားလှသော ခန္ဓာကိုယ်တွင်းသို့ အားမာန်ကြိုး၍ အစားအစာများ သွင်းနေရာမှ ခေတ္တရပ်ဆိုင်းလိုက်ပြီးနောက် ထောပတ်မုန့်ကို ခပ်ကြီးကြီးလှီး၍ ဂျော်ဒီ၏ ပန်းကန်ထဲသို့ ထည့်ပေးလိုက်လေသည်။ ဂျော်ဒီလည်း အမွှေးပေါင်းစုံထည့်ထားသည့် အရသာနှင့် ပြည့်စုံလှသော ထောပတ်မုန့်ကို ငုံ့ကာသာ လွေးတော့သည်။

"အမယ်လေးဟဲ့၊ ငါကဖြင့် တစ်နာရီမက နှစ်နာရီမက အချိန်

mgyoe.com

mgyoe.com

အကြာကြီး အပင်ပန်းခံပြီး လုပ်လိုက်ရတဲ့ ထောပတ်မုန့်၊ နင်တို့က မျို လိုက်တော့လည်း မျက်စိတစ်မှိတ်လောက်နဲ့ ကုန်ပါလေရော၊ ငါ အကြာကြီး ပင်ပန်းထားရတာများ ဖြည်းဖြည်းဆေးဆေးနဲ့ အရသာခံပြီး စားရောပေါ့ဟယ်"

"အို .. မေမေကလည်းဗျာ၊ ကျွန်တော်က ကြိုက်လို့ မြန်မြန်ကြီး စားပစ်တာပေါ့ဗျာ၊ ဒါပေမဲ့ ထောပတ်မုန့်ရဲ့အရသာကို အမြဲတမ်း စွဲမြဲ ပြီး မှတ်ထားပါ့မယ်၊ မေမေ ပင်ပန်းရကျိုးနပ်ပါစေ့မယ်၊ စိတ်သာချပါ"

ညစာစားမှုလည်း ပြီးဆုံးလေပြီ။ ဂျော်ဒီလည်း ဝမ်းဝ၍ အီသွား လေတော့သည်။ သူ့ဖခင်မှာ နဂိုက အစားနည်းသူဖြစ်သော်လည်း ထို ညအဖို့ နှစ်ခါမျှ ထပ်၍ ထည့်ရ၏။ သူ့ကို စာကလေးအစားစားသလောက် စားသည်ဟု သူ့မိခင်က မကြာခဏ ပြောလေ့ရှိသည်။ ယနေ့ညအဖို့ကား သူ့ဖခင်စားသည်မှာ စာကလေးစားသကဲ့သို့မဟုတ် အတော်ပင် လူတန်း စေ့သွားလေပြီ။

ကိုယ်ခန္ဓာကြီးမားသည်နှင့်အမျှ အစားအသောက်ကြီးမားလှ သော သူ့မိခင် မာဗက်စတာသည် စားသောက်ပြီး၍ ဗိုက်တင်းကျပ်နေ သဖြင့် သက်ပြင်းကြီးတစ်ချက် ရှူလိုက်လေသည်။

"တစ်ယောက်ယောက်က ဖယောင်းတိုင်ထွန်းပေးရင် ကောင်း မှာပဲ၊ ဒီတော့မှ ပန်းကန်တွေ ခပ်မြန်မြန်ဆေးပြီး ခပ်အေးအေးနေဖို့ အချိန်ကလေးရတော့မယ်"

ဟု မိခင်က ပြောလိုက်သဖြင့် ဂျော်ဒီသည် ထိုင်ရာမှထ၍ အမဲဆီဖယောင်းတိုင်ကြီးကို ထွန်းပေးလိုက်လေသည်။ မီးထွန်းခိုက်၊ ဖယောင်းတိုင်မီးအရောင် တလှုပ်လှုပ်ဖြစ်နေခိုက်တွင် အရှေ့ဘက်ပြတင်း ပေါက်မှ အပြင်သို့ လှမ်း၍ ကြည့်လိုက်ရာ မိုးပေါ်တွင် လမင်းသည် ဝင်းဝင်းပပ ပြည့်ဖြိုးစွာ သာလျက်ရှိသည်ကို တွေ့ရလေသည်။

mgyoe.com

mgyoe.com

လမင်းကြီးမှာကား အရှေ့ကောင်းကင်ယံတွင် ထွက်စမျှသာ ရှိပေသေးသည်။

ပဲနီလည်း သူ့သားအနီးသို့ လာ၍ရပ်ပြီးလျှင် လမင်းကြီးကို ကြည့်နေလေသည်။

"သား .. မင်း လမင်းကြီးကို မြင်ရတော့ ဘာများ သွားသတိရသလဲ၊ ငါတို့ ဧပြီလပြည့်နေ့ကျရင် ဘာလုပ်မယ်လို့ ပြောခဲ့သလဲ၊ မှတ်မိသေးသလား"

"မမှတ်မိတော့ဘူး ဖေဖေ"

ရာသီများမှာလည်း ပြောင်းလဲနိုင်အားပေသည်။ သူလည်း သူ့ဖခင်မှု အသက်ကြီးပါမှ ကြံရွယ်ချက်များ၊ ရည်မှန်းချက်များကို မမေ့မလျော့နေချေတော့မည်ပင်တည်း။

"မင်း ငါပြောတာ မမေ့သေးဘူး မှတ်နေတာကိုးကွ၊ ဧပြီလပြည့်နေ့မှ ဝက်ဝံတွေဟာ သူတို့ ဆောင်းတစ်ဆောင်းလုံးမှာ ပုန်းနေခဲ့တဲ့ နေရာက ထွက်တဲ့နေ့ပဲ၊ အဲဒါကို မမှတ်မိတော့ဘူးလား ဟင်"

"သြော် .. ဟို 'စလူဖု' လို့ ကျွန်တော်တို့နာမည်မှည့်ထားတဲ့ ဝက်ဝံကြီးအကြောင်းလား၊ အင်း .. အင်း .. ကျွန်တော် မှတ်မိပါပြီ၊ ဖေဖေက သူထွက်လာတဲ့နေ့မှာ သူ့ကို လိုက်ဖမ်းမယ်လို့ ပြောတယ်လေ၊ ကျွန်တော်ကော .. ဝက်ဝံဖမ်း မလိုက်ရဘူးလားဟင်"

"လိုက်တာပေါ့ကွာ၊ ဒါပေမဲ့ တို့ ထွန်စရာရှိတာ ကလေးတွေပြီးအောင် ထွန်လိုက်ကြဦးမှဖြစ်မယ်၊ ထွန်ရင်း ဝက်ဝံခြေရာကို ကြည့်ကြတာပေါ့ကွာ ... ဟုတ်လား"

"ဝက်ဝံကို ဘယ်သွားလိုက်မလဲ"

"တောင်ကြားဘက်ကို သွားမှကောင်းမယ်ထင်တယ်၊ ဝက်ဝံကြီး ရေလာသောက်တာကို စောင့်ပြီးအုပ်ရင် ကောင်းမှာပေါ့ကွာ"

mgyoe.com

mgyoe.com

"မနေ့ကတော့ ဝက်ဝံရေသောက်ဆင်းတာတော့ မတွေ့ရဘူး၊ သမင်မကြီးတစ်ကောင် ရေသောက်ဆင်းလာတာ သိရတယ်၊ ကျွန်တော် အိပ်ပျော်နေတုန်း ဆင်းလာတာဖြစ်မှာပေါ့၊ နိုးလို့ ကြည့်လိုက်တော့ သမင်ခြေရာ လတ်လတ်ဆတ်ဆတ် တွေ့ရတယ်၊ မနေ့က ကျွန်တော် စမ်းပေါက်ကိုသွားပြီး ရေရဟတ်ကလေးလုပ်တယ်၊ သိပ်လည်တာပဲ ဖေဖေ"

မာဗက်စတာသည် တရှောင်းရှောင်း တဂျိုင်းဂျိုင်းနှင့် ပန်းကန်အဆေးရပ်ပြီးလျှင် ...

"နင် တော်တော်လည်တယ်နော်၊ နင် ဒီတစ်ခါ ပထမဆုံး ထွက်လည်တာပဲ၊ အခုတော်တော့်ကို လူလည်ဖြစ်နေတယ်ပေါ့လေ၊ ဟင်း သတိထား .."

ဟု ဂျော်ဒီအား လှမ်း၍ ကြိမ်းလိုက်လေသည်။

ဂျော်ဒီလည်း သူ့မိခင်၏ကြိမ်းသံကို ကြားသောအခါ ခွက်ထိုးခွက်လန် ရယ်မောလေသည်။

"တစ်ခါတလေ လူလည်လုပ်တာပါ မာရယ်၊ ကျွန်တော် ပျင်းလွန်းလို့ မာ့ကိုညာပြီး ထွက်သွားတာပါ"

"အင်း .. မင်းကတော့ ကိုယ့်အမေကို ကိုယ်ညာ ထွက်သွားတယ်၊ ဒီမှာဖြင့် သူတို့စားဖို့ ထောပတ်မုန့်ကြော်လိုက်ရတာ ရင်ဘတ်မီးပူလို့ပဲ မဆုံးနိုင်ဘူး .. ဟင်း .."

မာဗက်စတာလည်း သူ့သားကို စိတ်ဆိုးဟန်ဆောင်၍ ရန်တွေ့နေသော်လည်း သူ့မျက်နှာမှာ သုန်သုန်မှုန်မှုန်မရှိချေ။ သူ့နှုတ်ခမ်းများမှာ ပြုံးယောင်သမ်းလျက်ရှိ၏။ မပြုံးဟန်ဆောင်သော်လည်း မရချေ။ မျက်နှာမှာ ကြည်လင်နေလေသည်။

"မာက ရယ်နေတယ်၊ မာမာ ရယ်နေတယ်ဟေ့၊ ကြည့်စမ်းပါလား .. ဟောဒီမှာ၊ မာကလည်းဗျာ .. ရယ်ချင်နေလည်း ရန်တွေ့မနေစမ်း

mgyoe.com

mgyoe.com

ပါနဲ့"

ဂျော်ဒီသည် ယင်းသို့ပြောကာ သူ့မိခင်၏နောက်သို့ ပြေး၍ ခါးတွင်စည်းထားသော အဝတ်ကြိုးကို ဖြေလိုက်လေသည်။ အဝတ်လည်း ကြမ်းပေါ်တွင် ပုံ၍ကျသွားတော့သည်။ မာဇက်စတာလည်း ဂျော်ဒီဘက်သို့လှည့်ကာ နားထင်ကို ပိတ်၍ထိုးလေသည်။ ထိုးသည်မှာ နာအောင်မဟုတ်ချေ။ ချစ်၍ ခပ်သာသာ ဖြည်းဖြည်း ထိုးခြင်းမျှသာဖြစ်သည်။ ဂျော်ဒီလည်း ထိုနေ့ညနေက တွေ့ကြုံခဲ့သော ပျော်ရွှင်ခြင်းအာရုံမျိုးကို ကြုံတွေ့ရပြန်သည်။ ဝမ်းသာလွန်း၍ တစ်ကိုယ်လုံး တုန်၍နေလေသည်။ သူသည် ပျော်လွန်းလျှင် ပတ်ချာလှည့်လေ့ရှိသည့်အတိုင်း ပတ်ချာလှည့်နေလေသည်။

"ဟဲ့ကောင်လေး .. သိပ်ကမြင်းမနေနဲ့၊ စားပွဲပေါ်က ပန်းကန်တွေတိုက်မိပြီး ကျကွဲဦးမယ်၊ ကွဲများကွဲရင်တော့လားကွာ၊ သိကြရောပေါ့"

"ကျွန်တော် ပျော်လွန်းလို့ပါ မေမေရယ်"

"နင်ပျော်တာမဟုတ်ဘူး၊ ရူးနေတာ သိလား၊ ရူးနေတာ"

မှန်ပေသည်။ ဂျော်ဒီသည် ဧပြီလတွင် ရူးနေပေသည်။ ဧပြီလရာသီမှာ လူငယ်များ ပျော်မြူး၍ အရူးထသော ရာသီဖြစ်သည်။ 'ဧပြီအရူး' ထခြင်းမှာ ထုံးစံဖြစ်နေတော့သည်။ အချမ်း၊ အပူမျှ၍ မိုးလေဝသကင်းစင်သော ရာသီဖြစ်၍ စိတ်ရူးထကြသည်။ နွေဦးရာသီ၏ ပယောဂသည်ကား ကြီးမားလှပေစွ။ ဂျော်ဒီသည် နေ လေ ရေတို့ ပေါင်းစပ်ထားသည့် သဘာဝအရက်တစ်မျိုးကို သောက်လိုက်ရဘိသကဲ့သို့ အူမြူး၍နေလေသည်။ သူ့အဖို့ကား ဘယ်အကြောင်းအရာမဆို ထူးဆန်း၍ စိတ်ပျော်ရွှင်ဖွယ်ဖြစ်နေတော့သည်။ ရေရဟတ်ကလေးလည်း စိတ်ပျော်စရာ၊ သမင်ရေသောက်ဆင်းသည်လည်း စိတ်ပျော်စရာ၊ သူ့ဖခင် ခရီးထွက်သည်လည်း စိတ်ပျော်စရာ၊ သူ့မိခင် ထောပတ်မုန့်လုပ်ပေးသည်လည်း

mgyoe.com

mgyoe.com

စိတ်ပျော်စရာ။ သူ့ကိုကြည့်၍ သူ့မိဘများ ရယ်မောကြသည်လည်း စိတ်ပျော်စရာ။ ယင်းသို့လျှင် စိတ်ပျော်စရာအမျိုးမျိုးနှင့် သူ့လောကကြီး၌ ပြည့်၍နေလေသည်။ အိမ်ခန်းထဲ၌ထွန်းထားသော အလင်းအရောင် အဝါပေးလေ့ရှိသည့် ဖယောင်းတိုင်မီးကလေးသည် သူ့ကိုယ်ကို ထိုးဖောက်၍ သူ့အား စိတ်ပျော်ရွှင်စေလေသည်။ ဖယောင်းတိုင်မီးကလေးက အခန်းတွင်း၌ သူ့ကို စိတ်ပျော်အောင် အရောင်လွှမ်းသည်နှင့် အမျှ အိမ်အပြင်ဘက်တွင် ထိန်ထိန်သာလျက်ရှိသော လမင်းကလည်း သူ့အား စိတ်ပျော်အောင် ဆွ၍ပေးလေသည်။ ထို့ကြောင့် သူ အိပ်ရာဝင်သောအခါ အဖျားတက်သလို ဟာဒယအဖျားတက်ကာ ရင်တခုန်ခုန်နှင့် တစ်ကိုယ်လုံး တုန်လှုပ်လျက်ရှိသောကြောင့် အိပ်၍ပင် မပျော်ချေ။ ယင်းသို့လျှင် သူ့၌ ပျော်ရွှင်မှု အမာရွတ်ကလေးရလိုက်ရာ နောက်နောင် ဧပြီလသို့ရောက်တိုင်းပင် ထိုအမာရွတ်ကလေးမှာ အနာပြန်ဖြစ်၍ သူ့အား ပျော်ရွှင်မှုငန်းဖမ်းစေလေသည်။ ထိုနေ့ညဉ်၌ သူသည် ပျော်လွန်း၍ အိပ်ရာထဲ၌ အိပ်မပျော်ဘဲ တလူးလူး တလွန့်လွန့်နေခိုက်တွင် အိမ်အပြင်မှ ဒီးဒုတ်သံတစ်ချက် ကြားလိုက်ခါမှ အိပ်ပျော်သွားလေတော့သည်။

❑

mgyoe.com

mgyoe.com

နှစ်

ဂျော်ဒီ၏ ဖခင် ပဲနီဗက်စတာသည် တခေါခေါနှင့် ဟောက်၍ နေသော ကြီးမားလှသည့် အတ္တဘောကြီးပိုင်ရှင် သူ့ဇနီးအနီးတွင် အိပ်၍မပျော်ဘဲ ပက်လက်ကလေး ငေးမောလျက်ရှိလေသည်။ သူသည် လသာသောညများ၌ ယင်းသို့ပင် မအိပ်ဘဲ မျက်စိကြောင်နေလေ့ရှိသည်။ လသာ၍ အေးမြသော အလင်းရောင် ပြည့်လျှံနေပါလျက်နှင့် လယ်တော၌ အလုပ်မလုပ်ဘဲ အဖိုးတန်လှသည့် သာယာသောအချိန်ကို ဖြုန်းပစ်တတ်သော လူအများအား ပဲနီသည် တွေး၍မရအောင် အံ့ဩနေမိလေသည်။ သူသည် အိပ်ရာမှ သူ့ဇနီးမနိုးအောင် အသာကလေးထ၍ ဆင်းသွားပြီးလျှင် ထင်းခုတ်၍သော်လည်းကောင်း၊ ထယ်ထိုး၍သော်လည်းကောင်း နေချင်လှ၏။ ထယ်ထိုးအလွန်ပျင်းသော သူ့သား ဂျော်ဒီ ချန်ထားသည့်အကွက်ကို လသာသာည၌အခါ၌ ထွက်၍ ထယ်ထိုးချင်လှတော့သည်။

"ဒီကောင်ကလေးကို ငါနိူးပြီး ထယ်ထိုးခိုင်းဦးမှနဲ့တူတယ်၊ သိပ်ပျင်းတဲ့ ကောင်ကလေးပဲ"

mgyoe.com

mgyoe.com

ဟု သူ့ကိုယ်သူ ပြောဆိုလိုက်လေသည်။ သူငယ်စဉ်ကမူ ယင်းသို့ အလုပ်လုပ်ရမှာပျင်းလျှင် သူ့မိဘများက ပျင်းရကောင်းလားဟုဆိုကာ အထူးနာကျင်အောင် ကြိမ်ဆော်မည်ကေန်ပင်။ သူ့ဖခင်ကြီးမှာ သူ့အား အလုပ်ကိုသာလုပ်စေ၍ ကစားခွင့်မပေးချေ။ အကယ်၍သာ ကျော်ဒီ ညနေက ရေရဟတ်လုပ်သလို သူလည်း ရေရဟတ်ကလေးတစ်ခု လုပ်ခဲ့မိလျှင် သူ့ဖခင်က စမ်းပေါက် သို့ရောက်အောင် သွားစေပြီးလျှင် ထိုရေရဟတ်ကလေးကို ဖျက်ပစ်ရမည် ဟု အတင်းအကျပ် ခိုင်းပေလိမ့်မည်။

"ဒါပေမဲ့ ဒီလို ပညတ်လွန်းအားကြီးရင် ဘယ်ကောင်းနိုင်ပါ့မလဲ၊ ကလေးဆိုတာ ဆော့ချင်ပေလိမ့်မပေါ့၊ ကလေးကို မဆော့နဲ့ဆိုရင် ကလေးဘဝမှာ မနေရဘူးလို့ ပြောတာနဲ့ အတူတူပေါ့"

ဟု ပဲနီက တွေးမိလေသည်။

ယင်းသို့ ထ၍ တွေးမိလိုက်သဖြင့် ပဲနီသည် သူ၏ ရှေးဟောင်းနှောင်းဖြစ်တို့ကို ပြန်ပြောင်းစဉ်းစားမိသည်။ သူ့အဖို့ကား ကလေးဘဝ ပျော်ရပါးရသည်ဟူ၍ မရှိခဲ့ချေ။ သူ့ဖခင်ကြီးမှာ တရားဟောဆရာကြီး ဖြစ်သဖြင့် သမ္မာကျမ်းစာဟောင်းထဲ၌ရှိသော ထာဝရဘုရားသခင်ကြီး ကဲ့သို့ပင် တင်းမာတည်ကြည်လှပေတော့သည်။ တရားဟောဆရာဟု ဆိုရသော်လည်း ဘုရားတရားတော်ကို ဟောရုံနှင့် အသက်မွေးဝမ်းကျောင်း မလုံလောက်သောကြောင့် သူ့ခမျာမှာ ဘော်လူစီးယား ရွာကလေးအနီးရှိ လယ်တောကလေးတွင် လယ်ထွန်ကာ သူ၏ ကြီးမားလှသောအိမ်ထောင်ကို ရှာဖွေကျွေးမွေးရပေတော့သည်။ သူသည် တရားဟောဆရာပီသစွာ သားသမီးများအား ငယ်စဉ်ကတည်းကပင် တရားဓမ္မ၌ သင်ကြားပြသပေးလေသည်။ ယင်းသို့ အရေးအဖတ် သင်ကြားရရုံနှင့် သားသမီးများအား မနေစေဘဲ လမ်းလျှောက်တတ်စအရွယ်မှစ၍

mgyoe.com

mgyoe.com

လယ်တောၖ မိမိနှင့် ဖက်တန်သည့်အလုပ်ကို လုပ်စေကြရသေးသည်။ သူကိုယ်တိုင်လည်း နံနက်မှ ညဥ့်တိုင်အောင် တပင်တပန်း အလုပ်ကြမ်း လုပ်လေသည်။ ကလေးများမှာ အလုပ်ကြမ်းလုပ်ရလွန်းသဖြင့် နုနယ် သော အရိုးကလေးများပင် နာကျင်လာသည့်တိုင် မနားရရှာချေ။ ယင်း သို့ တစ်အိမ်သားလုံး တပင်တပန်း လုပ်ကိုင်ကြရသော်လည်း ဝဝလင်လင် စားကြရသည်မရှိ။ ကောက်ပဲသီးနှံများကို မြောင်တောင်ပိုးများ ဖျက်ဆီး သဖြင့် ပင်ပန်းခံရကျိုး မနပ်ချေ။ ပဲနီသည် ယင်းသို့လျှင် အလုပ် ပင်ပင် ပန်းပန်းလုပ်ရပြီး ဝဝလင်လင် မစားရသောကြောင့် အသက်ကြီးပြင်း လာသည့်တိုင် ကိုယ်လုံးကိုယ်ထည် သန်မာထွားကျိုင်းခြင်း မရှိခဲ့ချေ။ သူ့ခြေကလေး လက်ကလေးများမှာ အရွယ်နှင့်မလိုက်အောင် သေးငယ် လျက်ရှိ၏။ ပခုံးများလည်း ကုန်းလျက်ရှိ၏။ နံရိုးကျဲကျဲနှင့် ကျောရိုး ပျော့လျက်ရှိလေသည်။ တစ်ခါၖ သူသည် ဖော်ရက်စတာတို့အိမ်သား တစ်စုနှင့် အတူယှဥ်၍ မိမိကိုယ်ကာယ ကြုံလှီသေးငယ်ကြောင်း ထင်ရှား စွာ တွေ့ရလေတော့သည်။ ဖော်ရက်စတာတို့ ညီအစ်ကိုတစ်စုမှာကား ဝဝဖိုင့်ဖိုင့် ထောင်ထောင်မောင်းမောင်းများ ဖြစ်ကြသဖြင့် ပဲနီမှာ သစ်ပင် ကြီးများကြားၖ ပေါက်ရရှာသော သစ်ပင်ပုကလေးပမာ ဖြစ်နေရှာတော့ သည်။

လမ်ဖော်ရက်စတာက သူ့ကို ငုံ့ကြည့်ပြီး ...

"ဟော့ .. ပဲနီစေ့ကလေး၊ မင်းဟာ ပဲနီစေ့ကလေးလို ငွေတော့ စစ်ပါရဲ့၊ ဒါပေမဲ့ ငယ်လွန်းလှသကွာ၊ မင်းဟာ ချာတိတ်ကလေးပဲ"

ဟု ပြောလိုက်လေသည်။ ပဲနီဗက်စတာမှာ ယင်းသို့ နှိမ်ချ၍ ပြောခြင်းပင် ခံရရှာတော့သည်။ သူ့ကို အများကပင် 'ပဲနီ' ဟု ခေါ်ကြ သဖြင့် ထိုအမည်မှာ သူ၏အမည်ပင်ဖြစ်သွားတော့သည်။ သူ့နာမည်ရင်း ကား အက်ဇရာ အီဇီကယ် ဗက်စတာ ဖြစ်လေရာ မဲဆန္ဒပေးသောအခါ

mgyoe.com

mgyoe.com

များ၌သော်လည်းကောင်း၊ အခွန်များ ပေးသောအခါ၌လည်းကောင်း၊ ထိုနာမည်ကို အသုံးပြု၍ အခြားအခါများ၌မူကား ထိုနာမည်ကို သူ၏ နာမည်မဟုတ်သကဲ့သို့ပင် ဖြစ်နေလေတော့သည်။ ပညတ်သွားရာ ဓာတ် သက်ပါဟု ဆိုသကဲ့သို့ သူသည် ပဲနီစေ့ကလေးကဲ့သို့ သေးငယ်သော် လည်း ငွေနှင့်ကြေးနီ စပ်ထားသဖြင့် မာကျောသကဲ့သို့ သန်မာလေ သည်။ သို့ရာတွင် တစ်ခါတစ်ရံလည်း ကြေးနီ၏ ပျော့ခြင်းကဲ့သို့ပင် ပျော့ချေသေး၏။

လှေများ၊ ဖောင်များဖြင့် ပြည့်လျက်ရှိသော မြစ်ကြီး၏ ကမ်းနား တွင် နေထိုင်ကြသော သူတို့က လှေအလုပ်၊ သစ်အလုပ်ဖြင့် အသက် မွေးဝမ်းကျောင်း ရှာနိုင်လျက်နှင့် ပဲနီဗက်စတာက သူ့ရခါစ ဇနီးကိုခေါ် ၍ ဖလော်ရီဒါနယ် ကုန်းခေါင်ခေါင်အရပ်သို့ သွား၍နေခြင်းမှာ ပဲနီဗက် စတာသည် သတ္တိရှိသောသူသော်လည်းကောင်း၊ အရူးသော်လည်း ကောင်း ဖြစ်ရာ၏ဟု ဆိုကြလေသည်။ သူသွား၍နေသောအရပ်၌ကား လူဟူ၍ ဆိုစလောက်အောင် မရှိချေ။ ဝက်ဝံများ၊ ဝံပုလွေများ၊ ကျားသစ် များဖြင့်သာ ပြည့်လျက်ရှိသော တောကြီးမျက်မည်းဖြစ်လေသည်။ ဖော် ရက်စတာတို့ မိသားတစ်စု ထိုနေရာအနီးတွင် သွား၍နေသည်ကိုကား လူအများ နားလည်နိုင်ကြ၏။ အဘယ်ကြောင့်ဆိုသော် ဖော်ရက်စတာတို့ ၌ ကြီးကြီးမားမား ယောကျ်ားများစွာရှိ၍ လူအင်အား တောင့်တင်းလှပေ သည်။ သူတို့အိမ်သားတစ်စု တစ်အိုးစီ တစ်အိမ်စီ နေလိုက်ကြလျှင်ပင် တစ်ရွာတည်နိုင်ခမန်းဖြစ်သွားတော့သည်။ သူတို့မှာ ယင်းသို့ မြေ ကျယ်ကျယ် ပြန့်ပြန့်ပြူးပြူးတွင် အိမ်ခွဲ၍ နေကြမှဖြစ်မည်။ သူတို့ မွေးပေါက်ဖော်အချင်းချင်း အတူနေလျှင် တကျက်ကျက်ဖြစ်ကြသည်။ ထို့ကြောင့် ဖော်ရက်စတာတို့ ဖလော်ရီဒါနယ် တောကြီးမျက်မည်းကို ရှင်း၍ အိုးအိမ်တည်နေကြခြင်းကို မည်သူကမျှ မအံ့သြကြချေ။ သို့ရာ

mgyoe.com

mgyoe.com

တွင် ပဲနီဗက်စတာ သွားရှိနေသောအခါ အများကပင် အံ့သြ၍ နေကြသည်။ သို့ရာတွင် မည်သူမျှ သူ့အား မတားဆီးစွမ်းသဖြင့် ကြည့်၍သာ နေကြရတော့သည်။

တောကြီးမျက်မည်းတွင် တောထွင်၍ လယ်ယာစိုက်ပျိုးကာ နေထိုင်သူတို့အဖို့ လွတ်လပ်မှုအစစ်ကို ရကြပေသည်။ မြို့ထဲ၌ နေကြသူများမှာ စင်စစ်အားဖြင့် မည်သူမျှ လာ၍ တားဆီးနှောင့်ယှက်ခြင်းမရှိသော်လည်း လူနေအိမ်ခြေမှာ ကျပ်တည်းသဖြင့် ပစ္စည်းချင်းထပ်နေသကဲ့သို့ တစ်ဦး၏ပစ္စည်းနှင့် တစ်ဦး နီးကပ်လွန်းရုံသာမက လူချင်းလည်း ထပ်နေသကဲ့သို့ပင်ဖြစ်သောကြောင့် မည်သို့ပင် အနှောင့်အယှက်ကင်း၍ လွတ်လပ်သည်ဟု ဆိုစေကာမူ စင်စစ်အားဖြင့် လွတ်လွတ်လပ်လပ် မရှိလှချေ။ အိမ်နီးနားချင်းကို အားနာ၍သာ နေကြရတော့သည်။ အရေးအကြောင်းကြုံလျှင် မိတ်သင်္ဂဟအပေါင်းတို့၏ အကူအညီကို ရသည်မှန်ပါ၏။ သို့ရာတွင် လူချင်းနီးစပ်သဖြင့် မနာလိုမှု၊ အတင်းပြောမှု၊ စောင်းပါးရိပ်ခြည်ပြောဆိုမှု၊ တစ်ယောက်ကိုတစ်ယောက် အကဲခတ်မှု စသည့် စိတ်မလုံစရာ အကြောင်းရပ်များ မြောက်မြားစွာ ပေါ်ပေါက်လျက်ရှိလေသည်။ ပဲနီဗက်စတာသည် သူ့ဖခင်ကြီး၏ တင်းမာစွာ ပညတ်မှုကို ခံယူခဲ့ပြီးနောက် ကြီးပြင်းလာသဖြင့် စိတ်အတော်ပင် ကျဉ်းကျပ်နေရသည့်အထဲ၌ မြို့ထဲ၌နေရခြင်းသည် အဆိုပါ မလွတ်လပ်မှုများကို လက်ခံရခြင်းပင်ဖြစ်ကြောင်း သိနားလည်သဖြင့် လွတ်လပ်ရာ၊ ငြိမ်းချမ်းရာအရပ်သို့ စွန့်၍သွားခြင်းမျှပင်ဖြစ်သည်။

တောကြီးမျက်မည်း၌ မိမိနှင့် မိမိဇနီးတို့သာ တဲအိမ်ကလေးဆောက်ကာနေကြရခြင်းမှာ တိမ်းတိမ်းပွေပွေဖြစ်သော်လည်း လွတ်လပ်လှပေသည်။ တောထွင်၍ လယ်လုပ်ရသောကြောင့် သာမန်လယ်သမားထက် ပင်ပင်ပန်းပန်းလုပ်ရသော်လည်း သူ့အဖို့မှာ မြို့ထဲ၌ ငြီးစီစီနေရ

mgyoe.com

mgyoe.com

ခြင်းထက် လွတ်လပ်သော လေကိုရှူကာ အေးချမ်းဆိတ်ငြိမ်ခြင်းကို တန်ဖိုးထားသဖြင့် ပင်ပန်းမှုကို ဂရုမပြုပေ။ တစ်နေရာနှင့်တစ်နေရာ ကူးသန်းသွားလာရန် အတော်ပင် ခရီးဝေးသဖြင့် ထွက်ခဲသည်မှန်သော် လည်း စားရေရိက္ခာ သွားရောက်ဝယ်ရသောဒုက္ခ၊ ကောက်ပဲသီးနှံများ သွား၍ ရောင်းချရသော ဒုက္ခတို့ကို သူသည် ကြည်ဖြူစွာ ခံယူပေသည်။ မြို့မှာကဲ့သို့ ပစ္စည်းချင်းထပ်၊ လူချင်းထပ်နှင့် ကျပ်ကျပ်တည်းတည်း မနေရဘဲ ကိုယ့်မြေကွက်ကလေးကိုပင် လုံးဝပိုင်ဆိုင်ရသဖြင့် ပဲနီဗက် စတာအဖို့မှာ အကျေနပ်ကြီး ကျေနပ်စရာ ဖြစ်ပေတော့သည်။ ဝက်ဝံ များ၊ ဝံပုလွေများ၊ ကျားသစ်များ စသည်ဖြင့် တောတိရစ္ဆာန်များ၏ ရန် ကို အမြဲတမ်း တွန်းလှန်ဖြိုဖျက်နေရသဖြင့် တစ်နည်းအားဖြင့်ဆိုရသော် အတော်ပင် စိတ်ပျက်စရာ ကောင်းလေသည်။ သို့ရာတွင် ထိုရန်များကို နှိမ်နင်းရသည်မှာ ကုန်းချောသူ၊ မနာလိုသူတို့၏ ရန်များကို နှိမ်နင်းရ သည်ထက် ပို၍ လွယ်ကူသည်ဟု ရိုးသားလှသော ပဲနီဗက်စတာက အထင်ရရှိလေသည်။ သူ့အလိုအားဖြင့် ဆိုရသော် တောရိုင်းတိရစ္ဆာန် တို့၏ ရက်စက်ကြမ်းကြုတ်မှုမှာ ယဉ်ကျေးသည်ဟု မိမိတို့ကိုယ်ကို မိမိတို့ ကြေညာလျက်ရှိသော လူများ၏ ရက်စက်ကြမ်းကြုတ်မှုထက် ညင်သာသိမ်မွေ့လှပေသေးသည်။

ယင်းသို့လျှင် လူတို့၏မသမာမှုကို ကြောက်ရွံ့ ရွံရှာသဖြင့် ပဲနီ ဗက်စတာသည် သူ့ကိုယ်ကာယထက် ၂ ဆမျှကြီးသော ရခါစ ဇနီးသည် ကလေးကို လှည်းကြမ်းကြီးပေါ်တွင် တင်၍ မရှိမဖြစ်သည့် အိမ်ထောင် ပစ္စည်းများကို ဝဝဖိုင့်ဖိုင့် ဇနီးနှင့်အတူ တင်ကာ လူတို့ရပ်ဌာန်မှ အသက် သုံးဆယ်အရွယ်တွင် ထွက်ခွာသွားလေသည်။ ဖလော်ရီဒါနယ် တောကြီး မျက်မည်းအနီးရှိ ကွက်လပ်ကလေးတွင် လယ်တဲကလေးတစ်ခု သူ့လက် ဖြင့် ရင်းနှီး၍ဆောက်လုပ်ကာ တောထွင်ပြီးလျှင် ကောက်ပဲသီးနှံ စိုက်ပျိုး

mgyoe.com

mgyoe.com

ရင်းပင် နေထိုင်လေသည်။ ထိုလယ်ကွက်ကလေးကို သူသည် ဖော်ရက်စတာတို့ထံမှ ဝယ်ယူလိုက်ရသည်။ ဖော်ရက်စတာတို့ လူတစ်စုနှင့် အိမ်နီးချင်းဖြစ်ရသည်ဟု ဆိုစေကာမူ သူ့လယ်တဲကလေးနှင့် ဖော်ရက်စတာတို့ကွက်စုမှာ ၄ မိုင်ခန့် ကွာခြားနေသဖြင့် မြို့ထဲ၌ အိမ်နီးချင်းဖြစ်ရသကဲ့သို့ အနှောင့်အယှက်မျိုးမှ လွတ်ကင်းနိုင်ပေသည်။ သူ ဝယ်ယူလိုက်သော မြေကွက်ကလေးမှာ ထင်းရှူးကျွန်းအလယ်တည့်တည့်၌ရှိသည်။ ထင်းရှူးကျွန်းမှာ အမှန်ပင်လျှင် ရွက်တံရှည်ရှည်နှင့် မြင့်မြင့်မားမား တိုင်များ ထောင်ထားသကဲ့သို့ ရှိပေသည်။ ထင်းရှူးပင်များ အနှံ့အပြား ပေါက်ရောက်လျက်ရှိသည့် ကျွန်းငယ်ကလေးပင်ဖြစ်သည်။ သို့ရာတွင် ထိုကျွန်းငယ်ကလေးမှာ စင်စစ်အားဖြင့် ရေပတ်လည်ဝိုင်းလျက်ရှိသည်မဟုတ်ချေ။ ထိုအရပ်ဒေသ၌ ရေရှားလွန်းလှသည်။ တော်တော်တန်တန်နက်အောင် တူးရုံမျှနှင့် ရေမထွက်လာနိုင်။ ရေတွင်းများမှာ စရိတ်ကြီးစွာ အကုန်အကျခံ၍ တူးရသဖြင့် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးရှိကြပေသည်။ ဗက်စတာတို့အဖို့ ရေကို တွင်းမှ ခပ်ယူရရှိခြင်းငှာ မတတ်သာသဖြင့် ဧကတစ်ရာမျှ ကျယ်ဝန်းသော အကွက်ကြီးတွင်ရှိသည့် စမ်းပေါက်ကြီးမှ ရေကို ယူကြရသည်။ ဖလော်ရီဒါနယ်၌ ထုံးမြေများရှိနေသဖြင့် စမ်းပေါက်များ မြောက်မြားစွာရှိလေသည်။ မြေအောက်တွင် ရေကြောများရှိသဖြင့် တစ်နေရာရာတွင် စမ်းပေါက်အဖြစ် ထွက်လာလေ့ရှိသည်။ စမ်းပေါက်နှင့်ဆက်သွယ်လျက် စမ်းချောင်းကလေးများ ပေါ်၍နေတတ်သည်။ တစ်ခါတစ်ရံ စမ်းချောင်းရေမှာ စီးရင်းပင် မြေထဲသို့ ပြန်ဝင်သွားလျှင် အစပျောက်သွားပြန်တော့သည်။ တစ်ခါတစ်ရံ စမ်းချောင်းအဆုံးတွင် လိုဏ်ခေါင်းကြီး ဖြစ်နေတတ်သည်။ သို့ရာတွင် စမ်းချောင်းကမ်းနှစ်ဖက်တွင် ရေများစိမ့်၍ အိုင်များထွန်းနေတတ်သည်။ ထိုအိုင်များအတွင်းရှိ ရေမှာ ရေစစ်နှင့် စစ်ပြီးသားရေကဲ့သို့ ကြည်လင်

mgyoe.com

mgyoe.com

သန့်ရှင်းလှပေသည်။ ဖော်ရက်စတာတို့က ပဲနီအား တောပိုင်းအကွက်ကို ရောင်းလိုက်ချင်ကြသည်။ သို့သော် ပဲနီက ...

"တောပိုင်းဆိုရင် ကြက်တွေ၊ ငှက်တွေ မွေးဖို့ပဲကောင်းတယ်၊ ကလေးတွေ မွေးဖို့မကောင်းဘူး"

ဟု ပြောကာ ယခု သူ ယူထားသော အကွက်ကလေးကို မရရအောင် ဝယ်ယူလေသည်။

ပဲနီက ယင်းသို့ ဖော်ရက်စတာတို့ လူတစ်စု၏ အနှပ်မခံဘဲ သူလိုရာမြေကွက်ကို ရအောင်ဝယ်သဖြင့် ဖော်ရက်စတာတို့က ဝိုင်း၍ ရယ်မောကြလေသည်။

"ပဲနီဆိုတာဟာလည်း ငွေပါပဲလား"

ဟု လမ်ဖော်ရက်စတာက ပဲနီဗက်စတာကို ပြောင်၍ ပြောလိုက်လေသည်။

ပဲနီသည် ထိုစကားကို အမြဲတမ်း မှတ်မိနေ၏။ ယခု နှစ်ပေါင်းအတန်ကြာသွားပြီဖြစ်သော်လည်း လမ်၏ ပြက်ရယ်ပြုသောစကားကို သူ မမေ့နိုင်ချေ။ သူသည် အိပ်ရာထဲတွင် သူ့ဇနီး မနိုးအောင် ခပ်ဖြည်းဖြည်းကလေး တစ်ဖက်မှတစ်ဖက်သို့ ပြောင်း၍ စောင်းအိပ်လိုက်လေသည်။ သူသည် ယခု ဝယ်ယူထားသော မြေကွက်ကလေးကို သူ့သားများ သမီးများအတွက် အမွေပေးခဲ့နိုင်ရန် ကြံတင်၍ ဝယ်ယူတည်ထောင်ထားခြင်းဖြစ်ပေသည်။ သူ မျှော်လင့်သည့်အတိုင်းပင် သားများ၊ သမီးများ အတော်ပင် ပွားစီးခဲ့ပေသည်။ သူ့ဇနီး ဝဝဖိုင့်ဖိုင့်ကြီးမှာ မွေးလည်း မွေးနိုင်လှပေသည်။ သို့ရာတွင် မွေးသော သားသမီးများမှာ အမေတူ မဟုတ်ဘဲ အဖေတူများဖြစ်ကြသောကြောင့် နွဲ့နွဲ့နှောင်းနှောင်း ညှောင် နာနာဖြစ်ကာ အနေးနှင့်အမြန်ပင် ဆုံးပါးသွားရှာကြတော့သည်။ သူ သည် သူ့ဇနီးမွေးနိုင်သမျှကို လယ်တောအစွန်တွင် အစီအရီ

mgyoe.com

mgyoe.com

မြှုပ်နှံလိုက် ရချေသည်။

ယင်းသို့လျှင် သားသမီးများများရရှိအောင် ကြိုးပမ်းကြသော်လည်း ကံမပေးသဖြင့် အဖတ်မတင်ရကား သူ့ဇနီးမှာ အဖော်မရှိသဖြင့် တိတ်တိတ်ပွေပွေ နေရသည်ကိုပင် ကြောက်လန့်စိုးရွံ့လာလေတော့သည်။ ယင်းသို့ မွေးတိုင်းအဖတ်မတင်ဘဲ နေလာခဲ့သည်မှာ သူ့ဇနီးအဖို့ အရွယ်ပင် လွန်ခါနီး ဖြစ်လာလေသည်။

ထိုအချိန်ကျခါမှ ဂျော်ဒီကို မွေးဖွားလေသည်။ ဂျော်ဒီမှာကား ယခင်ကလေးများကဲ့သို့ပင် ကြုံလှီသော်လည်း အသက်မသေဘဲ အဖတ်တင်၍ ကျန်ရစ်ခဲ့လေသည်။

ဂျော်ဒီ ၂ နှစ်အရွယ်ရောက်သောအခါ ပဲနီသည် စစ်ထဲလိုက်သွားရလေသည်။ မလိုက်ပါမီကလေးတွင် သူသည် ဇနီးနှင့်သားငယ်ကို မြို့သို့ခေါ်သွားကာ သူ့ဘွားအေကြီးနှင့် ထားခဲ့လေသည်။ သူ့အထင်မှာ စစ်သည် လအနည်းငယ်အတွင်း ပြီးဆုံးသွား၍ သူလည်း အိမ်သို့ ပြန်ရလိမ့်မည်ဟူ၏။ သို့ရာတွင် သူထင်မြင်သည့်အတိုင်း မဟုတ်ဘဲ စစ်ကြီးမှာ ၄ နှစ်ကြာ၍ သူလည်း သားမယားနှင့် ၄ နှစ်တိုင်အောင် ခွဲ၍ နေရလေတော့သည်။ အိမ်သို့ ပြန်ရောက်လာသောအခါ သူသည် ဇနီးနှင့်သားကိုခေါ်၍ သူ့လယ်တောကလေးသို့ ပြန်လေသည်။ ၄ နှစ်လုံးလုံး သားကွဲ မယားကွဲနှင့် စစ်ဒုက္ခအမျိုးမျိုးကို ကြုံတွေ့လာရသဖြင့် အပင်ပန်းကြီး ပင်ပန်းလာခဲ့ရသည်ကို သူ့လယ်တောကလေးသို့ ပြန်ရောက်ခါမှ အေးချမ်းစွာ အပန်းဖြေရပေတော့သည်။ သူသည် ထင်ကြေးမပေါက်သော်လည်း နောက်ဆုံး၌ စစ်ကြီးပြီးဆုံးသွားသည်ကို ကျေးဇူးတင်၍ မဆုံးနိုင်အောင်ပင်ဖြစ်သည်။ စစ်ကြီးပြီးဆုံးသွားသဖြင့် သူလည်း သားမယားနှင့်အတူနေကာ သူခင်မင်သော လယ်တောကလေးသို့ ပြန်၍ ရောက်ရလေသည်။ လူသူကင်းဝေးစွာနေရသဖြင့် ငြိမ်းချမ်းမှု၏အရသာ

mgyoe.com

mgyoe.com

ကို ခံစားရလေတော့သည်။

ပဲနီ၏ဇနီးသည် သားသမီး အဖတ်မတင်တော့သဖြင့် ရော်ဒီအား မချစ်ခင်သလိုလို ဖြစ်နေတော့သည်။ သူ့၌ရှိသော မိခင်မေတ္တာကို မြေသြဇာအဖြစ်ခံရသည့် ယခင်က သားသမီးများအား ဝေမျှပေးလိုက်ရသဖြင့် ဆုံးပါးသွားလေသောကြောင့် နောက်ဆုံး သားကလေး ရော်ဒီအား ပေးစရာမေတ္တာမရှိသကဲ့သို့ပင်ဖြစ်ကာ သံယောဇဉ်နည်းပါးလှပေသည်။ သို့ရာတွင် ပဲနီအဖိုးကား သူ့သားကလေး ရော်ဒီကို အလွန်အမင်း ချစ်ခင်၍ သံယောဇဉ်ကြီးလှသည်။ သူသည် ဖခင်မေတ္တာကိုသာ သူ့သားကလေးအား ပေးသည်မဟုတ်ဘဲ တောင်ကြီးမျက်မည်း၌ မျက်လုံးကလေး ပြူးကြောင်ကြောင်နှင့် ကျေးငှက်တိရစ္ဆာန်တို့ကိုကြည့်၍ အံ့သြနေသော သားငယ်အား ရင်းနှီးသော မိတ်ဆွေသင်္ဂဟတစ်ယောက်အဖြစ်လည်း ချစ်ခင်ပေသေး၏။ ထို့ကြောင့် သူသည် ရော်ဒီအား အစစအရာရာ၌ အလိုလိုက်လေသည်။ နွေဦးရာသီ၏ ပျော်ရွှင်မှုသေရည်ကို အသောက်ကြူးကာ လယ်တောမှ စမ်းပေါက်တွင် တစ်နေကုန် ထွက်၍ လည်နေခဲ့သော ရော်ဒီအား အပြစ်မထားလိုချေ။ သူ ငယ်စဉ်က အချုပ်အချယ်များ၍ ကလေးဘာဝ လွတ်လပ်စွာ ပျော်ရွှင်မြူးထူးခြင်း မပြုခဲ့ရသဖြင့် သူ့သားကလေးအား ကိုယ်ချင်းစာတရားနှင့် လွတ်လပ်စွာ ပျော်ရွှင်မြူးထူးစေခွင့်ပေးလေသည်။

"သူ ငယ်သေးလို့ ဒီလိုလျှောက်လည်တာပဲ၊ အသက်အရွယ်ကြီးပြင်းလာတဲ့အခါကျတော့ လုပ်ရမယ့် တာဝန်ဝတ္တရားတွေကို သိတတ်လာမှာပါပဲ"

ဟု ရော်ဒီ့အပေါ်တွင် အပြစ်မထားဘဲ ခွင့်လွှတ်လေသည်။

"ငယ်ငယ်ရွယ်ရွယ်အခါမှာ လွတ်လွတ်လပ်လပ် ပျော်နိုင်ပါစေ၊ လွတ်လွတ်လပ်လပ် ကစားနိုင်ပါစေ၊ အသက်အရွယ်ကြီးလာတဲ့အခါကျ

mgyoe.com

mgyoe.com

တော့ သူ့ဟာသူသိပြီး ပြုပြင်လာမှာပေါ့"

ဟု သူ့ကိုယ်သူ ပြောလေသည်။ ပဲနီမှာ စင်စစ်အားဖြင့် ထို စကားမျိုးကို သူ့ကိုယ်သူသာ ပြောရဲ၏။ သူ့ဇနီးအား ပြောရဲလိမ့်မည်ဟု မမျှော်လင့်အပ်ဖူပ။

❑

mgyoe.com

mgyoe.com

သုံး

မိုးလင်း၍ သူ့အိပ်ခန်းကလေးထဲသို့ နေရောင်စူးရှစွာ ထိုးနေသော်လည်း ဂျော်ဒီမှာ မျက်လုံးမဖွင့်ချင်သေးချေ။ အိပ်ရာထဲ၌ အေးချမ်းစွာ စည်းစိမ်နှင့် နေရသည်ကို စွန့်ပစ်၍ နေ့သစ်၌ လုပ်ကိုင်ရမည့် အလုပ်ဝတ္တရားတို့၏ဒုက္ခကို မခံယူလိုဘဲ အချိန်ကျသော်လည်း အိပ်ရာမှ မထသေးချေ။ သို့ရာတွင် နေရောင်မှာ သူ့မျက်စိအား စူးရှစွာ ထိုးနေသဖြင့် ဆက်၍အိပ်နေလျှင် ပူစပ်ပူလောင်ကြီး ဖြစ်နေမည်စိုးရသောကြောင့် မထချင် ထချင်နှင့် လူးလဲ၍ ထရတော့သည်။ အိပ်ရာမှထ၍ ခုတင်ကလေးဘေးတွင် ရပ်နေလိုက်လျှင်ပင် တန်းပေါ်၌ ဘောင်းဘီ၊ အင်္ကျီ၊ ရင်သိုင်း စသည်တို့ကို အစုံအလင်ရောက်နေကြောင်း တွေ့ရှိရသည်။ သူလည်း ချက်ချင်းပင် အဝတ်အစားလဲကာ မျက်နှာသစ်ရန် ထွက်သွားလေသည်။

တဲ၏တောင်ဘက်ရှိ ပိန္နဲပင်ကြီးများအောက်တွင် အမဲလိုက်ခွေးကြီး ဂျူလီယာ၏ သာယာသောခြုသံကို သူ့အိမ်ဝင်းထဲမှ ကြားလိုက်ရသည်။ သူ့ဖခင်က ဂျူလီယာအား အမိန့်ပေးနေသံကိုလည်း ကြားလိုက်

mgyoe.com

mgyoe.com

ရသည်။ သူလည်း ချက်ချင်းပင် အိပ်ခန်းထဲမှထွက်၍ သူ့ဖခင်နှင့် အမဲလိုက်ခွေးကြီးရှိရာသို့ ပြေးလေသည်။ သူ့မိခင်က ...

"ဟဲ့ကောင်လေး .. နေဦး"

ဟု တားဆီးသော်လည်း ခြေတန့်သွားခြင်းမရှိဘဲ ဆက်၍သာ ပြေးလေသည်။ ထိုအခါမှ မိခင်က တဲပေါက်ဝသို့ လျင်စွာသွား၍ ရပ်ပြီးနောက် သူ့အား လှမ်းအော်၍ပြောလေသည်။

"ဟဲ့ .. နင်တို့သားအဖ ၂ ယောက် ခွေးက အရှုးထတိုင်း လျှောက်လိုက်မနေကြနဲ့၊ မြန်မြန်ပြန်လာကြ၊ ဒီမှာ မနက်စာတွေ အေးကုန်လိမ့်မယ်၊ နင်တို့သားအဖဟာ ဒီလိုချည်းပဲ၊ မိုးမှ လင်းမယ်မကြဲသေးဘူး၊ တောထဲလျှောက်ပြီး လေနေကြတာပဲ"

ဂျော်ဒီလည်း သူ့မိခင်ပြောသောစကားကို ဂရုစိုက်၍ နားမထောင်ဘဲ ဆက်၍သာ ပြေးလေသည်။ သူ အာရုံစိုက်သည်မှာ သူ့ဖခင်နှင့် အမဲလိုက်ခွေးကြီးသာဖြစ်လေရာ သူတို့အသံကို မကြားရသဖြင့် သူသည် အတော်ပင် သောကဖြစ်သွားလေသည်။ သောကဖြစ်သောကြောင့်လည်း နဂိုက ပျော်ရွှင်မှုမှာ အရှိန်လျော့သွားလေတော့သည်။ သူ့မိခင်၏ အသံက ဝင်၍ နှောင့်ယှက်လိုက်သဖြင့် သူ့ဖခင်နှင့် အမဲလိုက်ခွေးကြီးအသံ ပျောက်သွားရတော့သည်။ သူလည်း ပိန္နဲပင်ကြီးများဘက်သို့ ပြေးသွားလေသည်။ ထိုဘက်မှ သူ့ဖခင်နှင့် အမဲလိုက်ခွေးကြီးတို့အသံကို ကြားရသောကြောင့် ပြေးသွားခြင်းဖြစ်ရာ ချက်ချင်းပင် သူ့ဖခင်အသံကို အနီးအနား၌ ကြားရလေတော့သည်။

"ဖြည်းဖြည်းပေါ့ သားရယ်၊ မင်းကို ငါမစောင့်ဘဲ သွားပါ့မလား"

ဟု သူ့ဖခင်က ပြောလိုက်ခါမှ သူလည်း ခြေရှိန်သတ်၍ ရပ်လိုက်ပေတော့သည်။ သူ့ဖခင်မှာ ဒဏ်ရာကြီးစွာဖြင့် လဲ၍သေနေသော ဝက်မ

mgyoe.com

mgyoe.com

ကြီး ဗက်ဆီကို ငုံ့၍ ကြည့်နေလေသည်။

"မင်းကြည့်စမ်း၊ ဒီဝက်သေကောင်ကြီးကို ငါမြင်သလို မင်းမြင်ရဲ့လား"

ဟု ပဲနီက သူ့သားအား မေးလိုက်ရာ ဂျော်ဒီသည် ဗက်ဆီ၏ အလောင်းကို ငုံ့၍ကြည့်လိုက်လေသည်။ သွေးရဲရဲ သံရဲရဲနှင့် သေနေသော ဝက်ကောင်ကြီးကို မြင်ရသောအခါ မိုက်ခနဲ ဖြစ်သွားကာ ပျို့ချင်သလို အန်ချင်သလို ဖြစ်လာလေသည်။ သူ့ဖခင်ကား အလောင်းကို ကျော်၍ တောကြီးတန်းဘက်သို့ လှမ်း၍ကြည့်နေလေသည်။ အမဲလိုက်ခွေးကြီး ဂျူလီယာသည် သူ့ဖခင်ကြည့်ရာဘက်သို့ လည်ဆန့်၍ နှာခေါင်း တရှုပ်ရှုပ်လုပ်နေလေသည်။ ဂျော်ဒီသည် ဝက်သေကောင်ကို ကျော်၍ အနီးရှိ သဲပြင်တစ်လျှောက်ကို လျှောက်၍ကြည့်လေသည်။ သဲပြင်ပေါ်၌ သူထင်သည့်အတိုင်းပင် ဝက်ဝံခြေရာကြီးများကို တွေ့ရလေသည်။ ခြေရာတစ်ဖက်၌ ခြေမပြတ်လျက်ရှိကြောင်းကိုလည်း တွေ့ရသည်။

"ဝက်ဝံ စလူဖုကြီးပဲ"

ဟု ဂျော်ဒီက ပြောလိုက်သောအခါ ပဲနီက ခေါင်းညိတ်လေသည်။

"ငါ့သား ဒီဝက်ဝံကြီးရဲ့ခြေရာကို မှတ်မိသားပဲ၊ မင်းတော်တော်တော်ပါပေတယ်ကွယ်"

ဟု သူ့သားအား ချီးမွမ်းလိုက်လေသည်။

သူတို့သားအဖ နှစ်ယောက်သည် ဝက်ဝံခြေရာများကို လျှောက်၍ ကြည့်ရှုစစ်ဆေးပြီးလျှင် ဝက်ဝံကြီး ဘယ်အရပ်ကလာ၍ ဘယ်အရပ်သို့ ထွက်သွားကြောင်း စုံစမ်းကြလေသည်။

"ဒီဟာကတော့ ဝက်ဝံဟာ တို့ကို စော်ကားတာ အမှန်ပဲ"

mgyoe.com

 mgyoe.com

"ဟုတ်တယ် ဖေဖေ၊ သူလာတာကို ကျွန်တော်တို့ ခွေးတွေက ဘာဖြစ်လို့ မဟောင်တာလဲ၊ ကျွန်တော်ဖြင့် အိပ်ပျော်နေလို့လားမသိဘူး၊ ခွေးဟောင်သံ မကြားလိုက်ပါဘူး"

"တို့ခွေးတွေ တစ်ကောင်မှ မဟောင်ဘူးကွ၊ မဟောင်တာက လည်း အကြောင်းရှိပါတယ်၊ တို့ခွေးတွေ ညံ့လို့မဟုတ်ဘူး၊ လေတဝုန်း ဝုန်းတိုက်ပြန်တော့ သူ့အဖို့ ဟန်ကျသွားတာပေါ့၊ ဖြည်းဖြည်းကလေး လာပြီး ဝက်ကို ကိုက်သတ်သွားတာပေါ့၊ ဝက်အော်သံလည်း လေတိုက် နေတော့ ခွေးတွေက ဘယ်ကြားရမလဲ"

ဂျော်ဒီသည် ညမှောင်မှောင်မည်းမည်းကြီးထဲတွင် ဧရာမ ဝက်ဝံကြီး ခိုးကြောင်ခိုးဝှက်နှင့်လာသည်ကို မျက်စိထဲတွင် ကွက်ခနဲ မြင်မိသဖြင့် ကျောချမ်းသွားလေသည်။

"ကြည့်ပါလား သားရယ်၊ ဝက်ကိုသတ်ပြီး အတော်ကလေး ဝအောင် စားသွားသေးတာပဲ၊ ဝက်ဝံဆိုတာဟာ ဆောင်းတွင်းမှာ အစာ ငတ်နေရသလောက် နွေဦးကျရင် အဆမတန် စားပစ်တတ်တာပဲ၊ ဒါ ကြောင့်လည်း ငါ ဝက်ဝံကို အင်မတန်မုန်းတာ၊ အစာကို တော်ရုံ သင့်ရုံ စားတဲ့ တိရစ္ဆာန်ဆိုရင် ငါက သည်းခံနိုင်ပါသေးတယ်၊ ဝက်ဝံဆိုတာ အင်မတန် အစားကြီးတာကွ၊ ငါက အစားကြီးရင် ဘယ်သူပဲဖြစ်ဖြစ် မုန်းတယ်၊ မင်းလည်း ဝက်ဝံမျက်နှာကြီးကို မြင်ဖူးသားပဲ၊ ဒီကောင်မျိုး ဟာ နည်းနည်းကလေးမှ သနားစိတ်ရှိတဲ့ တိရစ္ဆာန်မျိုးမဟုတ်ဘူး"

ဂျော်ဒီသည် ဖက်ဆီ ဝက်ဝံအကိုက်ခံရသဖြင့် အတော်ပင် စိတ် ထိခိုက်သော်လည်း ဝက်ဝံကို အဖမ်းထွက်ရမည်ဖြစ်သဖြင့် ရင်တလှပ် လှပ်နေလောက်အောင် ဝမ်းမြောက်နေတော့သည်။ ဖက်စတာ၏ လယ် တောထဲသို့ ဝင်ရောက်၍ ဖက်စတာ ဂရုတစိုက်မွေးထားသော ဝက်မကြီး ကို ကိုက်သတ်လိုက်ခြင်းမှာ ကျူးကျော်စော်ကားခြင်းသက်သက်ပင်

mgyoe.com

mgyoe.com

ဖြစ်သည်။ ပဲနီနှင့် ဂျော်ဒီတို့သည် ဝက်သေကောင်ကြီးကို ခြေထောက်တစ်ဖက်စီဆွဲ၍ အိမ်ထဲသို့ ယူလာကြသည်။ သူတို့နောက်မှ အမဲလိုက်ခွေးကြီးက ထက်ကြပ်မကွာ လိုက်လာလေသည်။ ခွေးကြီး၏ မျက်နှာထားအရဆိုလျှင် သူ့သခင်များက ဝက်ဝံကို ချက်ချင်းမလိုက်ဘဲ အချိန်ဖြုန်းနေသည့်အတွက် အံ့ဩနေကြောင်း ဖော်ပြလျက်ရှိသည်။

မာဇက်စတာသည် သူတို့အား ဝင်းပေါက်ဝမှရပ်၍ စောင့်နေလေသည်။ သူတို့အနီးသို့ မရောက်မီပင်လျှင် လှမ်း၍ ...

"ခေါ်လိုက်ရတာ မောလို့၊ ဒီသားအဖ နှစ်ယောက်ဟာ မိုးမလင်းသေးဘူး၊ တောဘက်ကို လျှောက်လေနေချင်ကြတာပဲ၊ ဟင် .. ငါ့ဝက်မကြီး သေပါပကော၊ ဖြစ်မှဖြစ်ရလေဟယ်"

ဟု ဆိုလေသည်။ သူသည် ဝက်မကြီးသေသဖြင့် လက်မြှောက်တန်းကာ အံ့အားသင့်နေခိုက် ပဲနီတို့ သားအဖ နှစ်ယောက်မှာ ဝက်သေကောင်ကြီးကိုဆွဲ၍ အိမ်နောက်ဖေးဘက်သို့ ယူသွားလေသည်။

"ဝက်သားတွေကို မျှဉ်းပြီး နောက်ဖေးမှာ တန်းနဲ့ လှန်းရလိမ့်မယ်၊ ခွေးတွေ မမီအောင် ထားမှဖြစ်မယ်ဟေ့၊ နို့မို့ရင်တော့ ကုန်မှာပဲ"

ဟု ပဲနီက ပြောလေသည်။

"အင်း .. အင်း .. သူ့ဖြင့် အပြောချည်းပဲ၊ လုပ်တော့ ဒီကလုပ်ရတာပါ၊ လာပြီး စိမ်မနေစမ်းပါနဲ့၊ ဒါနဲ့ ဝက်မကြီး ဘာဖြစ်လို့သေတာလဲဆိုတာ ပြောစမ်းပါဦး"

"စလူဖု ဝက်ဝံကြီး ကိုက်လို့ပေါ့ မေမေရဲ့၊ သူ့ခြေရာတွေကို ကျွန်တော်တို့ တွေ့ခဲ့ရတယ်"

သူတို့သုံးယောက်စလုံး အိမ်ထဲသို့ ဝင်သွားကြလေသည်။ ဂျော်ဒီသည် မီးဖိုချောင်ထဲမှ ဟင်းနံ့မွှေးသဖြင့် ဆာလောင်ခြင်း၏ဒဏ်ကို မခံနိုင်ရကား မီးဖိုချောင်ဘက်သို့ စွတ်၍ ဝင်သွားလေသည်။ သို့

mgyoe.com

mgyoe.com

ဝင်သွားသည်ကို သူ့မိခင် မြင်လိုက်သဖြင့် ...

"ဟဲ့ ကောင်လေး၊ နင့်လက်တွေ ဆေးပါဦး၊ ပြီးတော့ စားရမပေါ့"

ဟု လှမ်းပြောလိုက်လေသည်။

ဂျော်ဒီသည် ရေချိုးခန်းကလေးသို့ သွား၍ သူ့အရင်ရောက်နှင့်သော ပဲနီနှင့်အတူ လက်များ ဆေးလေသည်။ ထို့နောက် ထမင်းစားခန်းသို့ လာခဲ့ကြလေသည်။

နံနက်စာမှာ စားပွဲပေါ်တွင် အသင့်ပြင်ပြီးဖြစ်၍ မာဗက်စတာသည် စားပွဲထိပ်၌ထိုင်ကာ ဝက်မကြီးဆုံးရသည့်အတွက် စိတ်မချမ်းသာဖြစ်နေသောကြောင့် နံနက်စာမစားဘဲ နေလေသည်။ ဂျော်ဒီမှာကား ဝက်မကြီးဆုံးရသည့်အတွက် ဝမ်းနည်းသည်ထက် ဆာလောင်မွတ်သိပ်ခြင်းဒဏ်က ပိုမိုပြင်းထန်သဖြင့် ပြင်ထားသော ထမင်းတို့ကို သူ့ပန်းကန်ထဲသို့ လောဘတကြီး ခူးခပ်၍ စားလေတော့သည်။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့တော့ ဝက်သားခြောက် လှိုင်ဦးမှာပေါ့"

ဟု သူက ပြောလိုက်ရာ မာဗက်စတာက သူ့ဘက်သို့လှည့်၍

"အခုနေတော့ လှိုင်ပါရဲ့၊ ဆောင်းတွင်းကျတော့ ဘာမှ စားစရာမရှိဘဲနေမှာ စိုးရတယ်"

ဟု ပြောလိုက်လေသည်။

"စိတ်မပူပါနဲ့ကွာ၊ ငါ ဖော်ရက်စတာတို့ဆီက ဝက်မကြီးတစ်ကောင် တောင်းပါဦးမယ်"

ဟု ပဲနီကပြောလိုက်ရာ သူ့ဇနီးက ...

"အောင်မယ် .. ဒီအကောင်မိုက်တွေကို ကျေးဇူးကြီးတင်နေရပါဦးမယ်၊ ဒီဝက်ဝံကလည်းတော်၊ ကျုပ်သာ သူ့ကို လက်ပူးလက်ကြပ်

mgyoe.com

mgyoe.com

မိရင် လည်ပင်းညှစ်ပြီး သတ်လိုက်မှာ .."

ဟု ဒေါသကြီးစွာ ပြောလိုက်ရာ ပဲနီက ပလုတ်ပလောင်းစားရင်း ...

"အေးကွာ၊ ငါ ဝက်ဝံကြီးကိုတွေ့မှ ပြောလိုက်ပါဦးမယ်"

ဟု ပြောလိုက်ရာ ဂျော်ဒီက ရယ်မောလိုက်လေသည်။

"အင်း .. အင်း .. ရှင်တို့ကတော့ ရယ်စရာအောက်မေ့နေတာပဲ၊ ရယ်ကြပါ၊ ရယ်ကြပါ"

ဂျော်ဒီက သူ့မိခင် စိတ်ကောက်သွားသဖြင့် သူ့မိခင်၏လက်ကြီးကို လှမ်းဆွဲလိုက်ကာ ...

"မေမေ .. ကျွန်တော့်မျက်စိထဲ မြင်နေတယ်၊ မေမေနဲ့ဝက်ဝံကြီး စလူဖုတို့ နပန်းသတ်ရင် သိပ်ကြည့်ကောင်းမှာပဲ"

ဟု ထပ်၍ ပြက်လုံးထုတ်လိုက်ရာ ပဲနီက ...

"မင်းအမေနဲ့ စလူဖုကြီးသာ နပန်းလုံးကြရင် ငါက မင်းအမေအနိုင်ဘက်ကနေပြီး လောင်းမှာပဲ ဆရာ"

ဟု သူ့ဇနီး မခံချင်အောင် စလိုက်လေသည်။

❑

mgyoe.com

mgyoe.com

လေး

ပဲနီသည် သူ့ပန်းကန်ကို ရှေ့သို့တွန်း၍ စားပွဲမှ ထလေသည်။

"ကဲ .. သားရေ၊ တို့မှာ အလုပ်လုပ်စရာ ကျန်သေးတယ်၊ လုပ်လိုက်ကြဦးစို့"

ဂျော်ဒီသည် ထိုအသံကိုကြားရသောအခါ ရင်လေး၍ သွားလေသည်။ 'ထယ်ထိုးရဦးမှာပဲ' ဟု စိတ်ထဲတွင် ညည်းညူမိသည်။

"နေပါဦး ဖေဖေရဲ့၊ ကျွန်တော်တို့ ဒီကနေ့ ဝက်ဝံကြီးဆီ လိုက်ရင် မိဖို့အကြောင်း တော်တော်များတယ်"

နေသည်လည်း ထိုအခိုက်တွင် ပွင့်လာလေသည်။

"ဒါဖြင့်ရင် ငါ့သေနတ်နဲ့ ခရာကို ယူခဲ့"

ဂျော်ဒီသည် သူ့အဖေပြောသည့်အတိုင်း သေနတ်နှင့် ခရာကို အားရဝမ်းသာ ပြေး၍ ယူလာသည်။

"ကြည့်စမ်း .. ကြည့်စမ်း၊ ဒါမျိုးတော့ သိပ်ခြေသွက်တာပဲ၊ ထယ်ထိုးရရင် ပက်ကျိလိုနှေးသွားတာ တွေ့ရပါလိမ့်မယ်၊ အမဲလိုက်ရမယ်ဆိုရင် မြန်လိုက်တာ လွန်ပါရော .."

mgyoe.com

mgyoe.com

ဟု သူ့မိခင်က ဆိုလေသည်။

မာဗက်စတာသည် မီးဖိုချောင်ဘက်ရှိ ဗီရိုကိုဖွင့်၍ ကျန်ရှိသော ကျောက်ကျောခွက်များကို ထုတ်ယူလာပြီးလျှင် ပေါင်မုန့်ချပ်များပေါ်တွင် ကျောက်ကျောများကို သုတ်ပြီးလျှင် အဝတ်တစ်ခုနှင့်ထုပ်၍ ပဲနီ၏ လွယ်အိတ်ထဲသို့ ထည့်လိုက်လေသည်။ ထို့နောက် ဂျော်ဒီ ကြိုက်တတ်သော ထောပတ်မုန့်ကို စက္ကူနှင့်ထုပ်၍ လွယ်အိတ်ထဲသို့ ထည့်လိုက်ပြန်လေသည်။ နောက်ဆုံး၌ သူ့ဖို့ချန်ထားသော ထောပတ်မုန့်ကိုလည်း သူ့သားစားပါစေဟူသော သဘောနှင့် အမဲလိုက်ရာတွင် ယူသွားမည့် လွယ်အိတ်ထဲသို့ ထည့်လိုက်လေသည်။

"ဒီလောက်စားရရုံနဲ့ ဝကြမှာမဟုတ်ပါဘူး၊ ဒါပေမဲ့ စောစောစီးစီးပြန်လာကြမယ်မဟုတ်လား၊ ပြန်လာရင် နောက်ထပ်စားကြရဦးမှာပေါ့"

"အို .. တို့ကို စောင့်မနေနဲ့၊ တို့လာနိုင်တဲ့အချိန်ကျမှပဲ လာခဲ့မယ်၊ ဒီလိုအခါမျိုးမှာ ကြာမလား၊ မြန်မလား ဘယ်ပြောတတ်ပါ့မလဲ"

သူတို့ သေနတ်များ၊ လွယ်အိတ်များ ပြင်ဆင်နေသည်ကို မြင်လျှင် အမဲလိုက်ခွေးကြီး ဂျူလီယာက ဝမ်းသာသည့်အနေနှင့် ခပ်ရှည်ရှည်အူလိုက်လေသည်။ ရစ် ဆိုသည့် ခွေးဘီလူးကလည်း အိမ်အောက်မှ ပြေးထွက်လာလေသည်။ ပဲ့ ဆိုသော ခွေးကလေးက ဘာမှန်းမှုမသိဘဲ အမြီးကလေး တယမ်းယမ်းနှင့် မျက်နှာချိုသွေးနေလေသည်။ သူသည် အခြားခွေးများကဲ့သို့ အကင်းပါးသူမဟုတ်။ သူများယောင်၍ ငပေါင်ရပါသည်ဆိုသည့် အစားမျိုးဖြစ်သည်။ ထို့ကြောင့်ပင် အခြားခွေးများက အမဲလိုက်ရတော့မည်ကိုသိ၍ ဝမ်းသာအားရနှင့် ပြေးလွှားသွားကြသော အခါ သူကလည်း တစ်ခုခုတော့ တစ်ခုခုပဲဟူသော သဘောနှင့် အမြီး တနန့်နန့် လှုပ်နေလေသည်။

mgyoe.com

mgyoe.com

ပဲနီသည် ခွေးများကို တစ်ကောင်ပြီးတစ်ကောင် လက်ဖြင့် သပ်ပေးလေသည်။

"မင်းတို့ကတော့ အခုတော့ ပျော်နေမှာပေါ့ကွာ၊ ဒါပေမဲ့ ဝက်ဝံကြီးကိုလိုက်ရတာ လွယ်တဲ့အလုပ်မဟုတ်ဘူး၊ သတိကလေးများလည်း ထားကြနော်၊ အပြန်ကျတော့ မင်းတို့ အသွားတုန်းကလို ပျော်ကြမယ်လို့ ငါမထင်လှဘူး"

ခွေးများကို ပိန္နဲပင်များအနီးမှ ဖြတ်၍ တောင်ဘက်သို့ ခေါ်သွားကြသည်။ မိုးရွာပြီးစဖြစ်သဖြင့် လမ်းမကြီးမှာ ဖြူး၍နေလေသည်။ ဂျူလီယာကလည်း နှုတ်ခမ်းမော့၍ ပြေးလေသည်။ ခွေးဘီလူး ရစ်လည်း သူ့နောက်သို့ နောက်လိုက်ကောင်းပီသစွာ ပြေး၍ လိုက်သွားလေသည်။ ဂျူလီယာရပ်လျှင် ရပ်သည့်အတိုင်း၊ ဆက်၍ပြေးလျှင် ပြေးသည့်အတိုင်း ပင် နောက်ကလိုက်၍လုပ်သော နောက်လိုက်ကောင်းတစ်ယောက် ဖြစ်ပေသည်။ ခွေးကလေး ပါ့မှာကား အခြားခွေးနှစ်ကောင်ကဲ့သို့ လမ်းကို ဖြောင့်ဖြောင့်မသွားချေ။ အာရုံစူးစိုက်မှု မရှိပေ။ လမ်းတစ်ဖက်သို့ ဖောက်သွားလိုက်၊ ချုံထဲမှထွက်လာသော ယုန်ကလေးနောက်သို့ ပြေးသွားလိုက်နှင့် အမျိုးမျိုးဖောက်ပြန်သောကြောင့် ဂျော်ဒီက သူ့အား မကြာခဏ လှမ်း၍ခေါ်ရသည်။

"သားရေ ... ခေါ်မနေနဲ့ကွယ့်၊ နောက် သူ့တစ်ကောင်တည်း ကျန်နေမှန်းသိရင် လိုက်လာလိမ့်မယ်၊ သူက အမဲလိုက်တတ်အောင် ဉာဏ်ရှိတဲ့ခွေးမျိုးမဟုတ်ဘူးကွ"

ဟု ပဲနီက ဂျော်ဒီအား လှမ်းပြောလိုက်လေသည်။

ဂျူလီယာသည် အသံသေးကလေးဖြင့် အူလိုက်ပြီးလျှင် နောက်သို့ ပြန်လှည့်ကြည့်လိုက်သည်။

"ခွေး အတော်လိမ္မာသဟော့၊ လမ်းပြောင်းလိုက်ပြန်ပြီ၊ ဟို

mgyoe.com

mgyoe.com

သမန်းမြက်ကန်ဘက်ကို သွားရလိမ့်မယ်ထင်တယ်၊ ဒီလိုဆိုရင် တို့ ဒီဘက်ကလှည့်ပြီး သူ့အရင်ရောက်အောင် ပြေးသွားကြရင်ကောင်းမယ်"

ဂျော်ဒီသည် သူ့ဖခင် အမဲလိုက်ပုံကို တဖြည်းဖြည်း နားလည်လာလေပြီ။ ဖော်ရက်စတာတို့သာဆိုလျှင် ဝက်သေသည်ကိုတွေ့ကတည်းက တစ်ရှိန်တည်းထိုး၍ ဝက်ဝံကြီးရှိရာသို့ လိုက်ကြပေမည်။ ပဲနီဗက်စတာက ယင်းသို့မဟုတ်ဘဲ ခပ်ဆိုင်းဆိုင်းနေပြီးမှ လိုက်သည်။ ဖော်ရက်စတာတို့သာဆိုလျှင် သူတို့ခွေးများနှင့် တစ်တောလုံး ညံသွားအောင် လိုက်ကြမည်။ ယင်းသို့ လိုက်လျှင်လည်း ဝက်ဝံကြီးက ရန်သူလိုက်လာကြောင်း ကောင်းစွာသိကာ နေရာကောင်းရှာ၍ ပုန်းအောင်းချေမည် ဧကန်ပင်။ သူ့ဖခင် အမဲလိုက်ပုံမှာ ဝက်ဝံကြီး၏အငိုက်ကို ဖမ်းမည်ဖြစ်သောကြောင့် မိချင်းမိလျှင် သူ့ဖခင်က မိဖို့များသည်။ ဖော်ရက် စတာတို့မှာ ဆူညံသံအဖတ်တင်ရုံသာ ရှိကြချေမည်။ ဂျော်ဒီလည်း ယင်း သို့ ပဲနီ၏ ခပ်ဖြည်းဖြည်းစနစ်ကို တဖြည်းဖြည်း သိနားလည်လာသဖြင့် သူ့ဖခင်ကို အထင်ကြီးမိတော့သည်။

"ဒါကြောင့်လည်း ငါ့ဖေဖေဟာ လူလုံးလူထည်သာ ငယ်တယ်၊ နာမည်ကျော်ပေတာပဲနော်"

ဟု တွေးမိလေသည်။

"ဖေဖေ .. ဝက်ဝံကြီး ဘာလုပ်နေမယ်ဆိုတာကို မှန်းကြည့်တတ်တယ်နော်"

"ဒီလိုပဲ မှန်းကြည့်ရတာပေါ့ မောင်ရာ၊ အမဲလိုက်သမားဆိုတာ ဒီလိုပဲ မှန်းဆကြည့်ရတာပေါ့၊ တောရိုင်းတိရစ္ဆာန်ဆိုတာဟာ လူထက် ပိုပြီး သန်တယ်၊ မြန်တယ်၊ ဒီလိုဆိုတော့ တိရစ္ဆာန်က လူကို နိုင်ဖို့ပဲ ရှိတော့တာပေါ့၊ ဒါပေမဲ့ လူက တိရစ္ဆာန်ကို ဘာဖြစ်လို့ နိုင်ရသလဲ သိလား၊ လူက တိရစ္ဆာန်ထက် ပိုပြီး ဉာဏ်ရှိလို့ပေါ့ကွ၊ တကယ်ဆိုတော့ လူဟာ

mgyoe.com

ဝက်ဝံနဲ့ပြိုင်ပြေးရင် ဘယ်တော့မှ မနိုင်နိုင်ဘူး၊ ဒါပေမဲ့ ဉာဏ်ရှိတော့ ဝက်ဝံမပြေးနိုင်အောင် ဖမ်းတတ်တယ်၊ ဝက်ဝံအကဲကို ခတ်တတ်တယ်၊ ဝက်ဝံ အကဲမခတ်တတ်တဲ့လူဟာ မုဆိုးမလုပ်နဲ့တော့၊ လုပ်ရင်လည်း အသုံးကျမှာမဟုတ်ဘူး"

ထင်းရှူးပင်များလည်း တဖြည်းဖြည်း ပါးသွားလေပြီ။ သစ်ချပင်ကြီးများပေါက်၍ အောက်တွင် ထန်းပင်ငယ်များနှင့် ချုံပုတ်များ ထူထပ်သောနေရာသို့ ရောက်လာကြသည်။ မြေပြင်တွင် သစ်ပင်ငယ်များနှင့် အနွယ်များ ထူထပ်လျက်ရှိသည်။ ထိုတောကလေးလွန်လေသော် တောင်ဘက်နှင့် မြောက်ဘက်တို့၌ မြက်ခင်းလယ်ပြင်ကြီးဟု ရုတ်တရက်ကြည့်လျှင် ထင်ရသော အပြန့်ကျယ်သော အကွက်ကြီးတစ်ခုကို တွေ့ကြရသည်။ စင်စစ်အားဖြင့် ထိုအကွက်ကြီးမှာ သမန်းမြက်များ တညီတညာတည်း ပေါက်နေသော သမန်းတောကြီးပင်ဖြစ်သည်။ သမန်းပင်များမှာ ဒူးဆစ်မြုပ်သော ရေပြင်ပေါ်တွင် ပေါက်နေကြသည်။

သမန်းရွက်များမှာ အတော်ရှည်၍ ထူထူထပ်ထပ် ပေါက်နေကြသောကြောင့် အရွက်ချင်းယှက်လျက်ရှိကြသည်။ ဂျူလီယာသည် သမန်းတောထဲသို့ ရေတစွပ်စွပ်နှင့် ခုန်ပေါက်ပြေးဝင်သွားလေသည်။ သူသည် ကန်အလယ်ထိအောင် မဆုတ်ဆိုင်းဘဲ အတင်းတိုး၍ ဝင်သွားသည်။

"ကြည့်စမ်း .. ကြည့်စမ်း၊ ဂျူလီယာကြီးဟာ သမန်းမြက်တွေ စားနေတယ်"

ဟု ပဲနီက ရော်ဒီအား လှမ်း၍ပြောသည်။

သူပြောသည့်အတိုင်းပင် ခွေးမကြီးသည် သမန်းမြက်ရွက်များကို ကိုက်၍ စားနေလေသည်။

"ဒါဟာ သူ့အဖို့ အားတိုးဆေးပေါ့၊ ဒါကိုစားပြီးရင် ဝက်ဝံနဲ့

mgyoe.com

mgyoe.com

တွေ့တော့ ကိုက်အားသန်တာပေါ့"

ဟု ပဲနီက ဆက်၍ပြောလေသည်။ သူသည် အနီးရှိ သမန်းမြက်ပင်တစ်ပင်မှ အရွက်တစ်ရွက်ကို ငုံ့၍ ကြည့်လိုက်ရာ အရွက်မှာ တိရစ္ဆာန်တစ်ကောင်ကောင် ကိုက်ထားဟန်ရှိသည်။ အနားစုတ်၍ ညိုနေသည်။

"ဟော့ .. ဝက်ဝံကြီးလည်း ဒီသမန်းတောရောက်တယ်ထင်တယ်၊ ဝက်ဝံတွေဟာ ခွေးတွေလိုပဲ သမန်းတောကို သွားသွားပြီး သမန်းမြက်ကို ဆေးအဖြစ် စားကြတယ်၊ အစာကြေအောင်ပေါ့ကွာ၊ ဒီကောင်ကြီး ဒီမှာ သမန်းမြက်တွေစားလို့ အစာကြေပြီး ဝက်မကြီးဗက်ဆီကို အားရပါးရ တွယ်တာနဲ့ တူတယ်ဟော့"

အမဲလိုက်ခွေးကြီးလည်း သမန်းရွက်များကို လျှောက်၍ နမ်းကြည့်ကာ အနံ့ခံလေသည်။ ဝက်ဝံကြီး၏ အနံ့တထောင်းထောင်းထွက်နေသော ကိုယ်ဖြင့် သမန်းမြက်များကို တိုက်သွားသဖြင့် ကိုယ်အနံ့ကျန်ခဲ့လေသည်။ ထိုကိုယ်နံ့ကို အမဲလိုက်ခွေးကြီးက လိုက်၍ အနံ့ခံလေသည်။ ထို့နောက် တောင်ဘက်သို့မျှော်၍ နှာခေါင်းမော့ကာ လည်ဆန့်တန်းပြီးလျှင် အနံ့ခံလိုက်ပြီးနောက် ရေထဲသို့ တစွပ်စွပ်ပြေးလေသည်။ ပဲနီသည် သူ့နောက်သို့ လိုက်သွားလေသည်။

"ဒီအကောင်ကြီးကို မိအောင်လုပ်စမ်းပါ ဂျူလီယာရယ်"

ဟု ပဲနီက အမဲလိုက်ခွေးကြီးအား လှမ်း၍ ပြောလိုက်သည်။

ထိုနေ့နံနက် အမဲလိုက်ရာတွင် ပင်ပန်းစရာအကြောင်းမရှိချေ။ ခပ်အေးအေးနှင့် အပျော်တမ်း လမ်းလျှောက်သကဲ့သို့ပင် ဖြစ်သည်။ အမဲလိုက်သည်နှင့် မတူလှချေ။ သူတို့သည် တောအုပ်ကလေးတစ်ခုထဲသို့ ရောက်သွားကြသည်။ ခေါင်းပေါ်မှ သစ်ကိုင်းများ ထူထပ်စွာ အုပ်ဆိုင်းနေလေရာ သူတို့လာသံကြားသည်နှင့် တစ်ပြိုင်နက် တောအုပ်ထဲရှိ

mgyoe.com

mgyoe.com

ငှက်များသည် တဖြုံးဖြုံးပျံသွားကြလေသည်။ တောအုပ်ထဲရှိ မြေမှာ ညိုမည်း၍ ပျော့ပျောင်းနူးညံ့လှပေ၏။ ချုံပုတ်ထဲမှ တချွတ်ချွတ်နှင့် တိရစ္ဆာန်ငယ်များ ပြေးသွားသံကို ကြားရလေသည်။ တဖြည်းဖြည်း တော အုပ်မှ လွန်လာသောအခါ မြေပြင်မှာ ချက်ချင်းပင် နိမ့်သွားပြီးလျှင် ဇွက်များ ပေါက်လျက်ရှိသည်။ ဂျူလီယာသည် ထိုနေရာသို့ရောက်လျှင် ကျယ်လောင်စွာ ဟောင်လေသည်။ ပဲနီလည်း အမဲလိုက်ခွေးကြီးရှိရာသို့ ပြေးသွားလေသည်။

"ချောင်းဘက်ကို သွားသဟေ့၊ ချောင်းဘက်ကို သွားသဟ"

ဟု သူက အော်လိုက်လေသည်။ သူ့အော်သံသည် ပတ်ဝန်း ကျင်တစ်ခုလုံး၌ ပြည့်လျှံ၍ သွားလေသည်။ တိမ်မည်းများ တိုက်၍လာ သကဲ့သို့ ဝက်ဝံကြီးလည်း သစ်ပင်ငယ်များကိုနင်း၍ အပြေးအလွှား ထွက်သွားလေသည်။ ခွေးများလည်း ဟောင်ကြ၊ အူကြသဖြင့် ဆူဆူ ညံညံအသံများသည် ဂျော်ဒီအား နှလုံးသွေးခုန်စေလေသည်။ သူသည် သူ့ဖခင်နောက်မှ ပြေးလိုက်ရာ ဝါးနွယ်တစ်ခုနှင့်ငြိ၍ မှောက်လျက်လဲ လေသည်။ သို့ရာတွင် ချက်ချင်းပင်ထ၍ လိုက်ပြန်လေသည်။ သူ့ရှေ့က သူ့ဖခင် ပဲနီသည် ခြေလှမ်းခပ်စိပ်စိပ်ဖြင့် ပြေးနေလေသည်။ ဝက်ဝံကြီး လည်း ဂျူနီဗာချောင်းကို ကူး၍ ထွက်ပြေးလေသည်။ ခွေးများလည်း နောက်တွင် ကျန်ရစ်ခဲ့ကြတော့သည်။ သူ့အား ဆီး၍လိုက်ရန် ကြိုးစား ကြသော်လည်း သူကမြန်လွန်းလှသဖြင့် ချောင်းတစ်ဖက်ဆီ ခြားသွား လေသည်။

ချောင်းတစ်ဖက်ကမ်း၌ မြေပြင်ကွက်လပ်တစ်ခုရှိရာ ဝက်ဝံကြီး မှာ ချောင်းကိုကူး၍ ထိုမြေကွက်လပ်ကို ဖြတ်သွားရာတွင် ဂျော်ဒီသည် သူ့အား လှမ်း၍ မြင်လိုက်ရသည်။ ခပ်လှမ်းလှမ်းဖြစ်နေသဖြင့် မည်းမည်း ကြီးကိုသာ မြင်ရသည်။ ပဲနီသည် ရပ်၍ သေနတ်ကိုမ,ကာ ချိန်လိုက်

mgyoe.com

mgyoe.com

လေသည်။ ချက်ချင်းပင် ကျည်ဆန်ထွက်၍ ဝက်ဝံကြီး၏ခေါင်းကို မှန်လေသည်။ ထိုအခိုက် အမဲလိုက်ခွေးကြီးကလည်း ဝက်ဝံကြီးကို မီလာလေသည်။ ခွေးနှင့်ဝက်ဝံ လုံးထွေး၍နေကြရာတွင် ခွေးဘီလူးကြီးရစ်က ဝက်ဝံကြီးကိုဝင်၍ နောက်ပိုင်းမှ ခဲလိုက်လေသည်။ စလူဖုဝက်ဝံကြီးလည်း ခွေးဘီလူးကြီးဘက်သို့လှည့်၍ လက်နှင့် ပုတ်လိုက်လေသည်။ ထိုအလှည့်တွင် အမဲလိုက်ခွေးကြီးက နောက်က တစ်ဖန်လှည့်၍ ခဲပြန်လေသည်။ ပဲနီလည်း နောက်တစ်ချက် ပစ်မည်ကြံသော်လည်း ခွေးများနှင့် ဝက်ဝံတို့ လုံးလျက်နေသောကြောင့် ဝက်ဝံကိုရွေး၍ ပစ်နိုင်ခြင်းငှာ မစွမ်းချေ။ အကယ်၍သာ ခွေးများကိုမငဲ့ရလျှင် ဝက်ဝံကြီးသည် ထိုနေရာ၌ပင် သေဆုံးရမည်အမှန်ပင်။

ယခု၌မူ ဝက်ဝံကြီးက ခွေးများကို ပြန်၍ ကိုက်လိုက်သောကြောင့် ခွေးနှစ်ကောင်မှာ သူ့ထံမှ ဘေးသို့ လွင့်ကျသွားကြလေသည်။ ယင်းသို့ ဝက်ဝံနှင့် ခွေးတို့ ကွဲနေခိုက် ပဲနီက သေနတ်နှင့်ပစ်လိုက်လျှင် အလွန်ပင် ဟန်ပေလိမ့်မည်။ ပဲနီသည် ထိုအခွင့်အရေးကိုယူ၍ သေနတ်မောင်းကို ဖြုတ်လိုက်ရာ သေနတ်မှာ ကျည်ဆန်မထွက်ဘဲ ဖောက်ခနဲမြည်သံကိုသာ ကြားရလေသည်။ ထို့ကြောင့် သူသည် တစ်ဖန် မောင်းပြန်တင်ပြီးလျှင် ခလုတ်ကို ဖြုတ်လိုက်ပြန်သည်။ စိုးရိမ်မှုတွေ များနေသဖြင့် သူ့နဖူး၌ ချွေးများ သီးလျက်ရှိနေလေသည်။ ဒုတိယအကြိမ်ခလုတ်ဖြုတ်သော်လည်း ကျည်ဆန်မှာ မထွက်ဘဲ ဖောက် ဟူသောအသံသာ ကြားလိုက်ရသည်။ ထို့နောက် ချက်ချင်းပင် လက်ထဲတွင် ကိုင်ထားရင်းက ကျည်ဆန်ပေါက်ကွဲသွားသဖြင့် မြည်လိုက်သောအသံကြီးမှာ ခွေးတို့အား လန့်သွားစေသည်။ ယင်းသို့ လန့်သွားခိုက် ဝက်ဝံကြီးက ခွေးများကို အစွယ်နှင့်ငေါငေါလိုက်၍ အပြင်းအထန် ကိုက်လေသည်။ ခွေးများကလည်း ပြန်၍ ကိုက်ကြသည်။ ဂျူလီယာက ဝက်ဝံကြီး၏

mgyoe.com

mgyoe.com

နောက်ပိုင်းကို ခဲသောအခါ ဝက်ဝံကြီးက သူ့အားပြန်၍ လှည့်အကိုက်တွင် ခွေးဘီလူးကြီးက ဝက်ဝံကြီး၏လည်မျိုကို ခဲလေသည်။

ဂျော်ဒီသည် ထိုအဖြစ်အပျက်ကို ကြည့်၍ ကြက်သေသေနေလေတော့သည်။ သူ့ဖခင် သေနတ်မောင်းတင်သည်ကိုလည်း မြင်ရ၏။ ကျည်ဆန်ပေါက်ကွဲ၍ သေနတ်ပြောင်း ကွဲသွားသည်ကိုလည်း မြင်ရလေသည်။ အမဲလိုက်ခွေးကြီး ဂျူလီယာက ဝက်ဝံကြီး၏ လက်ယာနံဘေးကို ခဲသည်ကိုလည်း သူမြင်ရ၏။ ဝက်ဝံကြီးက အမဲလိုက်ခွေးကြီးကို ပြန်၍မခဲဘဲ ခွေးဘီလူးကြီးကို လှည့်၍ ခဲလိုက်သည်ကိုလည်း သူ မြင်လိုက်ရသည်။ သေနတ်ပြန်ကန်သဖြင့် ပဲနီသည် ပစ်၍ လဲသွားလေတော့သည်။

ယင်းသို့ အမျိုးစုံကိုကြည့်ကာ အံ့အားသင့်နေရာမှ သူ့ဖခင်လဲရာသို့ ရုတ်တရက် ပြေး၍သွားလေသည်။ သူ့ဖခင်မှာ သူ မရောက်မီပင် ပြန်၍ မတ်တတ်ထပြီး ဖြစ်နေလေပြီ။ ညာဘက်မျက်နှာတစ်ခြမ်းတွင် ယမ်းသင့်၍ မည်းနေလေသည်။ ထိုအခိုက် ဝက်ဝံကြီးက အမဲလိုက်ခွေးကြီးကို လှမ်း၍ ဆွဲပြီးလျှင် လက်သည်းများဖြင့် အပြင်းအထန် ကုတ်လေသည်။ ခွေးကြီးလည်း ငယ်သံပါအောင် အော်လေတော့သည်။ ယင်းသို့ ဂျူလီယာအား ဝက်ဝံကြီးက ဖက်၍ကုတ်နေစဉ် ခွေးဘီလူးကြီးရစ် က ဝက်ဝံကြီးအား နောက်ပိုင်းမှ ခဲထားလေသည်။

ဂျော်ဒီက ...

"ဟိုမှာ .. ဖေဖေ၊ ဝက်ဝံကြီးက ဂျူလီယာကို သတ်နေတယ်"

ဟု အော်၍ ပြောလိုက်သည်။ ပဲနီသည် ခွေးနှင့် ဝက်ဝံလုံးနေသည့်နေရာသို့ ပြေး၍သွားပြီးလျှင် သေနတ်ဒင်နှင့် ဝက်ဝံကြီး၏နံရိုးကို ဆောင့်လေသည်။ ဂျူလီယာမှာ အကုတ်အဖွဲ့ခံရသဖြင့် အတော်ပင် နာနေသော်လည်း ဝက်ဝံကြီး၏လည်မျိုကို ခဲမိအောင် ခဲလိုက်ပေသေး၏။

mgyoe.com

mgyoe.com

ဝက်ဝံကြီးလည်း ဂျူလီယာ၏သွားဒဏ်ကို မခံနိုင်သဖြင့် ခွေးကြီးကို လက်ဖြင့်တွန်းဖယ်ပြီးလျှင် ချောင်းထဲသို့ ခုန်ချ၍ ကူးပြေးလေသည်။ ခွေးများလည်း နောက်က လိုက်လေသေး၏။ သို့သော် ဝက်ဝံကြီးက ရေကူးမြန်သောကြောင့် မမီလိုက်ကြချေ။ တစ်ဖက်ကမ်းသို့ ကုန်း၍တက်ပြီးလျှင် ဝက်ဝံကြီးသည် ပြေးလေတော့သည်။ အမဲလိုက်ခွေးကြီး ဂျူလီယာလည်း မြေပေါ်တွင် ပုံလျက် လဲရှာလေသည်။ ဝက်ဝံကြီးကား တောနက်ထဲသို့ ဝင်သွားလေသည်။ ခွေးဘီလူးကြီး ရစ်လည်း သူ့အဖော် အမဲလိုက်ခွေးကြီး ဂျူလီယာဘေးနားတွင် ရပ်၍ ငေးကျန်ခဲ့လေသည်။ ထို့နောက် ဂျူလီယာအား လျှောက်၍အနံ့ခံပြီးလျှင် ချောင်းထဲသို့ တစ်ဖန် ခုန်ဆင်းလိုက်လေသည်။

"ဟေ့ .. ဂျူလီယာ၊ ဟေ့ .. ရစ်"

ဟု ပဲနီက လှမ်း၍ခေါ်လေရာ ရစ်မှာ သူ့အမြီးတိုတိုကလေးကို လှုပ်၍ သူ့သခင်အား မော့၍ ကြည့်လေသည်။ သို့သော် သူ့ခများမှာ လည်း နေရာမှ မထနိုင်ရှာ။ ပဲနီသည် အမဲလိုက်ခရာကို ပါးစပ်တွင် တပ်၍ မှုတ်လိုက်လေရာ ဂျူလီယာမှာ ခပ်ဝေးဝေးမှနေ၍ ခေါင်းထောင် ကြည့်လိုက်ပြီးနောက် ပြန်၍ ခွေသွားလေသည်။

"ငါ သူ့ကို သွားပြီး ခေါ်ဦးမှပဲ"

ဟု ပဲနီက ဂျော်ဒီအား ပြောလေသည်။ ထို့နောက် ပဲနီသည် ဖိနပ်ချွတ်၍ ရေထဲသို့ ဆင်းသွားလေသည်။ ချောင်းရေမှာ အတော်စီး သဖြင့် ပဲနီသည် ရေစီးကို အတော်ပင် ကြိုးစား၍ ဖြတ်ကူးရလေသည်။ တစ်နေရာ၌ ရေစီးသန်လွန်းသဖြင့် သူသည် သစ်တုံးကြီးပမာ မျော၍ သွားရလေသည်။

ဂျော်ဒီသည် သူ့ဖခင် ကစ်ဖက်ကမ်းသို့ တက်သွားသည်ကို မြင်လိုက်ရလေသည်။ ပဲနီလည်း ဂျူလီယာကိုထမ်း၍ ချောင်းကို ပြန်

mgyoe.com

mgyoe.com

ကူးလာသည်။ ဤအကြိမ်၌ကား ရေတင်မှနေ၍ မျှောချလိုက်သဖြင့် အလွယ်တကူနှင့် ပြန်ရောက်လာလေသည်။ မြေပေါ်သို့ရောက်သော အခါ ဝက်ဝံကိုက်ခံရသော အမဲလိုက်ခွေးကြီးကို အသာအယာ ချထားလိုက်လေသည်။

"သူ အတော်နာသွားတာကွ"

ဟု ပဲနီက သူ့သားအား လှမ်း၍ ပြောလိုက်လေသည်။

သူသည် ရှပ်အင်္ကျီကိုချွတ်၍ ခွေးကို ပတ်ထားလိုက်လေသည်။ ထို့နောက် ရှပ်အင်္ကျီလက်နှစ်ဖက်ကိုယူ၍ ကျောတွင် သိုင်းချည်ပြီးလျှင် ခွေးကြီးကို ပိုး၍ သွားလေသည်။

"ကဲ .. ကဲ .. ဒီကိစ္စမှာ သေနတ်အသစ်တစ်လက်ရဖို့ ဖြစ်နေတော့တာပဲ"

ဟု ပြောလေသည်။ ယမ်းသင့်သော သူ့မျက်နှာမှာလည်း မီးလောင်ဖုများ ပေါ်လာလေသည်။

"ဘယ်လိုဖြစ်တာလဲ ဖေဖေရယ်"

"ဘယ်လိုဖြစ်ရမှာလဲကွ၊ မောင်းပျော့နေလို့ပေါ့၊ ငါသိတော့ သိသားပဲဟေ့၊ နှစ်ခါ သုံးခါ ပြန်ပြီးမောင်းတင်နေရကတည်းက မောင်းပျော့နေမှန်း သိသားပဲ၊ နောက်ပြန်ကန်တယ်ဆိုတာကတော့ သံပတ်ကြီး ပျော့နေလို့ပေါ့၊ ကဲ .. ကဲ၊ သွားကြရအောင်၊ မင်းက ဒီသေနတ်အပျက်ကြီးကို ထမ်းပေတော့ .."

သူတို့သည် နွံတောမှဖြတ်၍ အိမ်သို့ စီတန်းကာ ပြန်ကြလေသည်။ ပဲနီလည်း မြောက်စူးစူးသို့သွားပြီးလျှင် အနောက်သို့ ချိုးချလိုက်လေသည်။

"ငါတော့ ဒီဝက်ဝံကြီးကို မမိမချင်း မနေသေးဘူးကွာ၊ သေနတ်အသစ်သာရပါစေ၊ ငါ မကြောက်ပါဘူး၊ စောင့်ရလှ ခဏပေါ့"

mgyoe.com

mgyoe.com

ဟု ပဲနီက ကြိတ်မနိုင် ခဲမရဖြစ်ကာ ခွေးကြီးကို ပင်ပန်းကြီးစွာ ထမ်းပိုး၍ အိမ်သို့ပြန်ရင်း ပြောလေသည်။

ခွေးကြီးမှာ သူ့နောက်ကျောတွင် ခွေ၍ အသက်မရှိသကဲ့သို့ လိုက်လာလေသည်။ သွေးစများလည်း ပဲနီ၏ကျောပေါ်သို့ တဖြည်းဖြည်း စီးကျလျက်ရှိသည်။ ဂျော်ဒီလည်း ခွေးကြီးကိုကြည့်ရင်း စိတ်မသက်မသာဖြစ်ကာ ...

"ဖေဖေ .. ကျွန်တော် ရှေ့က အရင်သွားမယ်"

ပဲနီလည်း သူ့သားဘက်သို့ လှည့်ကြည့်၍ ...

"အေး ... အေး .. သွားချင်လည်းသွားကွာ၊ လွယ်အိတ်ပါ ယူသွားဟေ့၊ လွယ်အိတ်ထဲမှာ ပေါင်မုန့်ရှိသေးတယ်၊ ဆာမှာစိုးရင် လမ်းလျှောက်စားသွားပေါ့"

ဂျော်ဒီလည်း လွယ်အိတ်ထဲသို့ လက်နှိုက်၍ ကမန်းကတန်း ရှာဖွေရာ သူ့မိခင် ထည့်ပေးလိုက်သော ပေါင်မုန့်ထုပ်ကို တွေ့ရလေသည်။ လမ်းလျှောက်စားသွားသောအခါ ကျောက်ကျောမှာ သူ့လျှာပေါ်တွင် ချိုအေး၍ ကျန်ခဲ့လေသည်။ သူသည် ထိုမုန့်မျိုးကို အထူးပင်ကြိုက်သဖြင့် သုံးလေးလုံးကို တစ်ခုပြီးတစ်ခု ပါးစပ်ထဲသို့ သွတ်၍ မဟားတရား မျိုချလေသည်။ အချို့ကိုကား သူ့ဖခင်အား လှမ်း၍ပေးလေသည်။

"အမဲလိုက်တဲ့အခါ ပင်ပန်းလို့ရှိရင် အိမ်က မင်းအမေ ပေးလိုက်တဲ့ အစားအသောက်ကိုစားရတာ အင်မတန် ဖိမ်ရှိတာပဲကွာ"

ဟု ပဲနီက ပြောလေသည်။

ထိုအခိုက် ချုံပုတ်ထဲမှ ခွေးအူသံတစ်ခု ကြားရပြီးနောက် ကုပ်ကုပ် ကုပ်ကုပ်နှင့် ခွေးကလေးတစ်ကောင် ထွက်လာလေသည်။ ယင်းသည်ကား အခြားမဟုတ်။ သူတို့၏ခွေးကလေး ပါ့ပင်ဖြစ်သည်။

mgyoe.com

ဂျော်ဒီသည် ဒေါသဖြစ်ဖြစ်နှင့် ခွေးကလေးကို ကန်လိုက်လေသည်။

"ကန်မနေပါနဲ့ကွာ၊ ဒီခွေးအကြောင်း ငါ အစကတည်းက ရိပ်မိသားပဲ၊ တချို့ခွေးတွေဟာ ဝက်ဝံကို အင်မတန်ကြောက်တာကွ၊ ဒီကောင်လည်း အဲဒီလိုအကောင်မျိုးပေါ့"

ဟု သူ့ဖခင်က ပြောပြလေသည်။

သူတို့လယ်တဲကို လှမ်း၍ မြင်ရသောအခါ၌ကား ညနေ အတော်စောင်းပေပြီ။ အရှေ့သစ်တောအုပ်ကြီးဘက်မှ သူတို့သည် ကျဉ်းမြောင်းသော ခြေလှမ်းကလေးဖြင့် အနောက်ဘက်သို့ ထွက်လာကြလေသည်။ အိမ်သို့ရောက်သောအခါ မာဗက်စတာမှာ ကျဉ်းမြောင်းသော ဝရန်တာပေါ်တွင် ကုလားထိုင်နှင့်ထိုင်ရင်း အဝတ်စုတ်များ တစ်ပုံကြီး ချုပ်နေသည်ကို တွေ့ရသည်။

"ဘယ့်နှယ်လဲ၊ ခွေးသေပြီး ဝက်ဝံမရခဲ့ဘူးမဟုတ်လား"

ဟု မာဗက်စတာက လှမ်း၍ မေးလိုက်လေသည်။

"ခွေးက မသေသေးပါဘူး၊ ရေနဲ့အဝတ်စုတ် သွားယူစမ်းပါ၊ ပြီးတော့လည်း အပ်ချည်နဲ့ အပ်ကြီးကိုလည်း ယူခဲ့စမ်းပါ"

ဟု သူ့ခင်ပွန်းက ပြောလိုက်သောအခါ မာဗက်စတာသည် ထိုင်ရာမှ ချက်ချင်းထ၍ အခန်းထဲသို့ ဝင်သွားလေသည်။ ဂျော်ဒီသည် သူ့မိခင်မှာ ကိုယ်လုံးကိုယ်ထည်ကြီးမားသော်လည်း အလွန်လျင်မြန်ဖျတ်လတ်သောကြောင့် အံ့အားသင့်၍ ငေးကြည့်နေလေသည်။ မြန်မြန်ဆန်ဆန်လုပ်ရမည့် အလုပ်မျိုး၌ သူ့မိခင်လောက် မြန်ဆန်ဖျတ်လတ်သူကို မတွေ့ရဖူးချေ။

ပဲနီသည် ဂျူလီယာကို ဝရန်တာကြမ်းပေါ်တွင် ချထားလိုက်ရာ ဂျူလီယာမှာ ဝေဒနာကြောင့် တအီအီညည်း၍နေလေသည်။ ဂျော်ဒီက သူ့အား ငုံ့၍ ခေါင်းကို လက်ဖြင့်ပွတ်၍ပေးသောအခါ သူသည်

mgyoe.com

mgyoe.com

ဝေဒနာခံစားနေခိုက်ပင်ဖြစ်သော်လည်း သခင်အား ကျေးဇူးတင်သော အမူအရာဖြင့် သွားကြီးများကိုဖြဲ၍ ပြလေသည်။ ထို့နောက် ဂျော်ဒီသည် သူ့မိခင်၏နောက်သို့ လိုက်သွားလေရာ သူ့မိခင်မှာ အဝတ်စတစ်စကို ဆုတ်ဖြဲနေကြောင်း တွေ့ရှိရသည်။

"မင်း ရေခပ်သွားလိုက်စမ်းပါ"

ဟု သူ့မိခင်က ပြောလေရာ ဂျော်ဒီလည်း ရေနွေးအိုးတည်ရာ သို့ ခပ်သုတ်သုတ် လျှောက်သွားလေသည်။

ပဲနီလည်း ဝရန်တာသို့ ပြန်ထွက်လာပြီးလျှင် လက်တွင်ပါလာ သော ဂုန်အိတ်များကို ကျကျနနထပ်ကာ ခွေးကြီးအတွက် အိပ်ရာလုပ် ပေးနေလေသည်။ မာဗက်စတာလည်း အခွဲအစိတ်ကိရိယာများကို ယူ လာလေသည်။ ပဲနီသည် သွေးပေလျက်ရှိသော သူ့ရှပ်အင်္ကျီကို ခွေးကြီး ကိုယ်မှခွာ၍ အနာများကို ရေဆေးပေးလေသည်။ ဂျူလီယာလည်း မည်သို့မျှ မလှုပ်ဘဲ ငြိမ်၍ခံနေလေသည်။ သူ့အဖို့ကား ဝက်ဝံအကုတ် ခံရသည်မှာ ကြိမ်ဖန်များလှလေပြီ။ ပဲနီလည်း အနက်ဆုံး အနာနှစ်ပေါက် ကို အပ်နှင့်ချုပ်လေသည်။ ယင်းသို့ ချုပ်သည့်အခါ၌မူကား ဂျူလီယာ မှာ နာလွန်းသဖြင့် တအိန်အိန်နှင့် အော်နေလေသည်။ ထို့နောက် ငြိမ် သွားပြီးလျှင် မျက်စိကို မှိတ်ထားလေသည်။ ပဲနီက ...

"နံရိုးတစ်ချောင်း ကျိုးသွားတယ်၊ အဲဒီခွေး အသက်ရှင်ရင် တော့ ဒီနံရိုး ပြန်ဆက်မိမှာပဲ၊ ဒါပေမဲ့ နည်းနည်းတော့ မစွမ်းမသန် ဖြစ်လိမ့်မယ်လို့ ထင်တယ်"

ဟု ဆိုလေသည်။

❑

mgyoe.com

mgyoe.com

၉း

နောက်တစ်နေ့ နံနက်စာ စားကြသည့်အခါ၌ ပဲနီက ...

"သေနတ်အသစ်ရအောင် ကုန်ရောင်းကုန်ဝယ်ကလေး လုပ်လိုက်ရဦးမယ်၊ ဒါမှမဟုတ်လည်း အတော်ခက်ဦးမယ်"

ဟု ပြောလိုက်သည်။

အမဲလိုက်ခွေးကြီး ဂျူလီယာလည်း တဖြည်းဖြည်းသက်သာ၍ လာလေပြီ။ သူ့အနာမှာ ပဲနီက ညပိုင်းက ဆေးကြောပေးသဖြင့် သန့်စင်နေသောကြောင့် ရောင်ခြင်းမရှိချေ။ သူ့ခမျာမှာ သွေးအတော်ပင် ကုန်ခန်းသွားသဖြင့် အင်အားနည်းလျက်ရှိသည်။ အိပ်၍သာ နေချင်သည်။ ပဲနီက ဘူးခွံခြောက်တွင် ထည့်၍တိုက်လာသော နွားနို့ကို လျှာနှင့် တစ်ချက်နှစ်ချက်မျှ တပျပ်ပျပ် လျက်ပြီးလျှင် ပြန်၍ခွေကာ အိပ်နေလေသည်။

"ရှင် သေနတ်အသစ်ကို ဘယ်ကငွေနဲ့ ဝယ်မှာတုံး၊ အိမ်မှာ အခွန်တော်ပေးဖို့ ငွေတောင်မှမရှိတာ .."

ဟု မာဗက်စတာက ပဲနီအား စုံစမ်းလိုက်သည်။

mgyoe.com

mgyoe.com

"ငါက သေနတ်ဝယ်မလို့ဆိုတာ အရောင်းအဝယ်ကလေး လုပ်ပြီးဝယ်မယ်လို့ ပြောတာပါကွ၊ အို .. ရှင်းရှင်းပြောရရင် သေနတ်အသစ်တစ်လက်ကို တစ်ခုခုနဲ့လဲပြီး ယူမယ်လို့ ဆိုချင်တာပါ"

"ရှင့်မှာ ဘာများရှိလို့ လဲလို့ရမှာတဲ့လဲ"

"ဟို ခွေးစုတ်ကလေးပေါ့ကွ၊ မင်းလည်း အသိသားပဲကွာ၊ ဖော်ရက်စတာတို့တစ်စုဟာ ခွေးဆိုရင် အရူးအမူး ကြိုက်ကြတာ"

"ရှင် ခွေးနဲ့ သေနတ်တစ်လက်ရအောင် လဲနိုင်ပါ့မလား"

"ကြည့်ကြသေးတာပေါ့၊ ဒီနေ့ ငါနဲ့ ဂျော်ဒီတို့ သူတို့ဆီသွားမယ်၊ သူတို့တစ်တွေက ခွေးဆိုရင် ဘာခွေးဖြစ်ဖြစ် ကြိုက်ကြတာပဲ၊ ငါ လှည့်ပတ်လိုက်ရင် သူတို့ဆီက သေနတ်အသစ်တစ်လက်တော့ သေချာနေတာပဲဟေ့"

ပဲနီသည် ပြောလိုက်လျှင် ပြတ်ပြတ်သားသား ပိုင်ပိုင်နိုင်နိုင် ရှိလှပေသည်။ သူ့ဇနီး ဝတုတ်တုတ်ကြီးမှာ ပဲနီ၏ တည်ကြည်ပြတ်သားသောအသံကို ကြားရသည့်အခါများ၌ ဖိန့်ဖိန့်တုန်သွားလေသည်။ မာဗက်စတာသည် ပဲနီအား မည်သို့မျှ ပြန်မပြောဘဲ သက်ပြင်းကြီး တစ်ချက် ချလိုက်လေသည်။

"အင်း .. အင်း ..၊ ရှင်တို့က ဖော်ရက်စတာတို့ လယ်ထဲကို တစ်နေကုန် တစ်နေခန်း သွားကြတာက ကောင်းပါရဲ့၊ ကျုပ်မှာ တစ်ယောက်တည်း ကျန်ခဲ့ပြီး ထင်းခွဲ ရေခပ်ပေးမယ့်သူ ဘယ်မှာရှိတော့မှာလဲ"

"မင်းကလည်းကွာ၊ မပူသင့်တာ ပူမနေပါနဲ့၊ ငါ မင်းကို ထင်း၊ ရေ အပြည့်အစုံမထားခဲ့ဘဲ ဘယ်တုန်းကများ ခရီးသွားဖူးသေးလို့လဲ"

ဂျော်ဒီသည် သူ့မိဘများ ပြောဆိုနေကြသည်ကို နားစိုက်၍ ထောင်နေလေသည်။ သူသည် ဖော်ရက်စတာတို့ လယ်ထဲသို့ သွားရ

mgyoe.com

mgyoe.com

မည်ဆိုလျှင် အစားအသောက်မစားဘဲ နေနိုင်သည်။

"ဂျော်ဒီ့ကို ခေါ်သွားမှ ကောင်းတော့မပေါ့၊ နို့မို့ရင် ဒီကောင်ကလေးဟာ လူတောသူတော မတိုးဝံ့ဖြစ်နေမှာပေါ့၊ ဗဟုသုတရှိအောင် ဒီလိုပဲ လူတောထဲ သွားရတယ်၊ ဂျော်ဒီဟာ နို့မို့ရင် ကြောင်တောင်တောင်ကလေးဖြစ်နေမှာပေါ့"

ဟု ပဲနီက ဂျော်ဒီကို ခေါ်သွားမည့်အကြောင်းကို မည်သူကမျှ မမေးဘဲနှင့် ထုတ်ဖော်ပြောဆိုနေလေသည်။

"အင်း .. အင်း ..၊ ဗဟုသုတရှာတာကလည်း ဖော်ရက်စတာတို့ဆီသွားတာက စရသလားရှင်၊ ဒီလိုသာ လူတွေသူတွေဆီက ပညာရမယ်ဆိုရင် ကျွန်မသားကလေးဟာ ဖော်ရက်စတာတွေလို စိတ်မိုက်စိတ်ရိုင်းရှိပြီး 'သန်းခေါင်လကွယ် တောအုပ်လယ်' ဆိုသလို အမိုက်ပိုရုံသာ ရှိတော့မပေါ့"

"အို .. ဒီလိုလည်း ဘယ်ဟုတ်မလဲ၊ ဗဟုသုတရှာတယ်ဆိုတာဟာ အတုခိုးတယ်လို့ ဆိုတာမှမဟုတ်ဘဲ၊ ဖော်ရက်စတာတို့ စိတ်မိုက်စိတ်ရိုင်းရှိတာကို ဂျော်ဒီသိသွားရင် အဲဒီလိုစိတ်မျိုး မမွေးအောင် ဆင်ခြင်ရလိမ့်မပေါ့၊ အဲဒါဟာ ပညာပေါ့ကွ၊ ကဲ .. ကဲ၊ ဘာပဲဖြစ်ဖြစ် တို့နှစ်ယောက် ဖော်ရက်စတာတို့ လယ်တဲကို သွားမှာအမှန်ပဲ"

ပဲနီသည် ယင်းသို့ ပြတ်သားစွာ ပြောပြီးနောက် ထမင်းစားပွဲမှ ထသွားလေသည်။

"ငါက ရေခပ်မယ် ဂျော်ဒီ၊ မင်းက ထင်းခွဲ"

"ဟုတ်ကဲ့ ဖေဖေ"

ဂျော်ဒီသည် ဖျတ်လတ်ပေါ့ပါးစွာ ထင်းပုံသို့ ပြေးသွားလေသည်။ သူ့အဖို့ ထင်းကို ပုဆိန်ဖြင့် တစ်ချက်ခွဲတိုင်း ခွဲတိုင်း ဖော်ရက်စတာတို့ လယ်တဲသို့သွားရန် စခန်းတွင် တစ်လှမ်းတိုး၍ တိုး၍သွား

mgyoe.com

mgyoe.com

သည် ဟု ထင်မိလေသည်။ ထင်းခွဲပြီးလျှင် ခရီးထွက်ရတော့ မည်ဖြစ်ရာ ထင်းခွဲပြီးအောင် ကြိုးစားဖို့သာ လိုတော့သည်။ သူသည် ဖော်ရက်စတာတို့ လယ်တဲသို့ အလွန်ပင် သွား၍လည်းပတ်လိုလှ၏။ သူ့သူငယ်ချင်း ဖောဒါးဝင်း (မြက်ခြောက်အတောင်ပံ) နှင့် တွေ့လိုသောကြောင့်ပင် ဖြစ်သည်။ သူသည် စိတ်အားထက်သန်စွာ ထင်းများကို ခွဲစိတ်လိုက်ရာ မကြာမီအတွင်း၌ပင် ထင်းတစ်ပုံကြီး ခွဲပြီးသား ဖြစ်သွားလေသည်။ သယ်နိုင်သလောက်သယ်၍ သူ့မိခင်ရှိရာ မီးဖိုချောင်သို့ ပို့လိုက်သည်။ သူ ထင်းခွဲပြီးသော်လည်း သူ့ဖခင်မှာ ရေတစ်ထမ်းမျှ ထမ်း၍မပြီးသေးချေ။ သူ့ခမျာမှာ အိမ်နှင့်စမ်းပေါက် အတော်ဝေးသောကြောင့် ကြာရချေသည်။

ဂျော်ဒီသည် သူ့ဖခင် ရေခပ်နေခိုက်၌ မြင်းဇောင်းသို့သွား၍ ကုန်းနှီးများ ပြင်ထားလေသည်။ သူသည် သူ့ဖခင် ရေထမ်းလာသည်ကို မြင်ရ၏။ သူ့ခမျာမှာ သစ်သားရေထမ်းကြီးနှစ်ဖက်ကိုထမ်းရသဖြင့် ပခုံးညွတ်၍နေရှာသည်။ ဂျော်ဒီသည် သူ့ဖခင်ထံသို့ ပြေး၍ ရေထမ်းကို ကူ၍ ချပေးလေသည်။

"ဆီဇာကို ကုန်းတပ်ပြီးပြီ"

ဟု သူက ပဲနီအား ပြောလိုက်သည်။

"ထင်းခွဲပေးပြီးပြီ မဟုတ်လား၊ ကဲ .. ဒါဖြင့် ငါသွားပြီး အင်္ကျီလဲလိုက်ဦးမယ်၊ ရစ်ကို ချည်ထားလိုက်၊ ပြီးတော့ ငါ့သေနတ်ကို ယူလာခဲ့၊ ပြီးရင် တို့သွားမယ်"

မြင်းကုန်းနှီးမှာ ဖော်ရက်စတာတို့ထံမှ ဝယ်ယူထားသော ပစ္စည်းဖြစ်သည်။ ဖော်ရက်စတာတို့ကား အားလုံးပင် ဝဝတုတ်တုတ်ကြီးများသာ ဖြစ်သောကြောင့် ထိုမြင်းကုန်းနှီးနှင့် မတော်ချေ။ ပဲနီနှင့် ဂျော်ဒီတို့ကဲ့သို့ ကိုယ်လုံးငယ်သူတို့အဖို့ကား အံကိုက်ပင်ဖြစ်ပေတော့သည်။

mgyoe.com

mgyoe.com

"ကဲ .. သား၊ ရှေ့ကထိုင်၊ မင်း ငါ့ထက် အရပ်ရှည်လာရင်တော့ နောက်ကစီးရလိမ့်မယ်နော်၊ ရှေ့က မင်းထိုင်နေရင် ငါ လမ်းကို ဘယ့်နှယ်လုပ်ပြီး မြင်ဦးမှာလဲ၊ ဟဲ့ .. ပါ့ လာစမ်း"

ခွေးကလေးသည် ပဲနီနောက်မှ တက်၍ ထိုင်လိုက်သည်။ ထို့နောက် လည်ပြန်ကြည့်နေလေသည်။

"အေး .. အေး၊ မင်းဝအောင် ကြည့်လိုက်၊ ဒီအိမ်ကို မင်း ဒါ နောက်ဆုံးမြင်ရခြင်းဖြစ်မယ်လို့ ငါထင်သကွာ"

ဟု ပဲနီက ခွေးကို ပြောင်၍ ပြောလိုက်လေသည်။

မြင်းကြီးဆီဇာသည် ချက်ချင်းပင် ကဆုန်ချ၍ ပြေးလေသည်။ သူ့ကျောကြီးမှာ ကျယ်ပြန့်လှသည်။ ကုန်းနှီးမှာလည်း ကြီးလှသည်။ ထို့ကြောင့် လူနှစ်ယောက်နှင့် ခွေးတစ်ကောင်ကို တင်၍ ပြေးရသည်ကို သူ မမှုလှချေ။

ဂျော်ဒီလည်း သူ့ဖခင်က နောက်ကနေ၍ ဖက်ထားသောကြောင့် လိမ့်ကျမှာလည်း မပူရချေ။ မြင်းကြီးစီးရသည်မှာ ဒန်းစီးရသကဲ့သို့ ဖိမ်တစ်မျိုးရှိသည်ဟု ထင်မိလေသည်။ မြင်းကြီးသည် သဲလမ်းတစ်လျှောက်တွင် တရိပ်ရိပ်နေအောင် ပြေးနေသည်။ သဲလမ်းကြီးမှာလည်း ပိတ်ကြိုးကြီးဆန့်ထားသကဲ့သို့ ဖြောင့်တန်းညီညာလှပေသည်။ လမ်းဘေးနှစ်ဖက်တွင် ပေါက်နေသော သစ်ပင်များသည် လမ်းပေါ်သို့ အရိပ်ပြောက်ပြောက်ပြိုးပြိုး ထိုး၍နေကြသည်။ စမ်းပေါက်ကြီးအနီးတွင် လမ်းသည် နှစ်ခွခွဲသွားလေသည်။ အနောက်ဘက်သို့ သွားသောလမ်းမှာ ဖော်ရက်စတာတို့ လယ်တဲများရှိရာသို့ ရောက်သည်။ မြောက်ဘက်သို့ ခွဲထွက်သွားသော လမ်းတစ်ကြောင်းလည်း ရှိသေးသည်။

ထင်းရှူးပင်မြင့်ကြီးများ၏ ပင်စည်တို့တွင် ရှေးရှေးက ခုတ်ထစ်ထားသည့် ဓားရာများသည် နေရောင်တွင် ပြောင်၍နေကြသည်။

mgyoe.com

mgyoe.com

"ဖေဖေ .. ဒီဓားရာတွေဟာ ဘာတွေလဲ၊ ဖေဖေ ခုတ်ထားတာလား၊ ဒါမှမဟုတ်ရင် ဖော်ရက်စတာတို့ ခုတ်ထားတာလား"

"ဒါတွေကို တို့လုပ်ထားတာ မဟုတ်ပါဘူးကွာ၊ မင်း ကြည့်ပါလား၊ ဒီဓားရာတွေဟာ နှစ်အကြာကြီးက ထစ်ထားတဲ့ ဓားရာတွေပဲဟာ၊ ငါတို့လုပ်ထားတာ ဘယ်ဖြစ်နိုင်ပါ့မလဲ၊ ငါသိရသလောက်ဆိုရင် ဟိုရှေးရှေးတုန်းက ဒီနေရာမှာ နေသွားတဲ့ စပိန်လူမျိုးတွေ ထစ်သွားကြတဲ့ ဓားရာတွေပဲ၊ တကယ်ဆိုတော့ စပိန်လူမျိုးတွေဟာ ဒီမှာ ကြာကြာနေသွားကြတာမဟုတ်ပါဘူး၊ သူတို့ဟာ ဖလော်ရီဒါပြည်နယ်ဘက်ကို သွားကြရာမှာ ဒီနယ်တစ်လျှောက်ကို ဖြတ်သွားကြရတယ်၊ ဒီမှာ စခန်းချပြီး ခဏတော့ နေကြပေသပေါ့၊ ဖို့ဘတ်တလာမြို့ကျတော့ သူတို့လည်း လူစုခွဲပြီး တစ်စုက တင်ပါနယ်ဘက် သွားကြတယ်၊ တစ်စုကတော့ ဘလက်ဘဲယားနယ်ဘက် သွားကြတယ်"

ဂျော်ဒီသည် သူ့ဖခင်အား မျက်လုံးပြူးကြီးနှင့်ကြည့်ကာ...

"ဒီစပိန်လူမျိုးတွေဟာ ဝက်ဝံကို နိုင်ကြရဲ့လား"

ဟု မေးလေသည်။

"နိုင်အောင် လုပ်ကြတာပေါ့ကွာ၊ ဝက်ဝံတွေက ဟိုတုန်းကလည်း နှောင့်ယှက်ကြတာပေါ့၊ သူတို့အဖို့မှာ တိုက်စရာ ခိုက်စရာဆိုရင် ဝက်ဝံချည်း ဘယ်ဟုတ်မလဲ၊ အင်ဒီးယန်း လူရိုင်းတွေလည်း ရှိသေးတယ်၊ ကျားသစ်တွေကိုလည်း တိုက်ရတာပဲ၊ သူတို့မှာ ရန်သူတွေ သိပ်ပေါတာပဲကွ၊ တို့လိုပေါ့၊ ဒါပေမဲ့ တို့အဖို့တော့ အင်ဒီးယန်းလူရိုင်းတွေရဲ့ရန် မရှိတော့ဘူး"

ဂျော်ဒီသည် သူ့ဖခင်၏စကားကို ကြားရသည်နှင့် တစ်ပြိုင်နက် ကလေးတို့ဘာဝ အတွေးသန်ကာ သူ့မျက်စိထဲတွင် ထင်းရှူးတောတစ်ခုလုံး စပိန်လူမျိုးများနှင့် ပြည့်၍နေလေတော့သည်။

mgyoe.com

mgyoe.com

"အခု အဲဒီ စပိန်လူမျိုးတွေ ဒီမှာရှိကြသေးလား"

"ဂျော်ဒီရယ် ...၊ အခုရှိဖို့ ဝေးရော၊ စပိန်လူမျိုးတွေ ဒီကိုရောက်လာတုန်းက ဒီအရပ်မှာရှိတယ်ဆိုတဲ့ လူတောင်မှ မရှိတော့ပါဘူးကွာ၊ သူတို့ ဒီကိုရောက်လာတာ နှစ်အတော်ကြာပြီ၊ ပြီးတော့လည်း ဒီမှာကြာကြာနေကြတာမှမဟုတ်ဘဲ၊ ဟိုသမုဒ္ဒရာကြီးက ဖြတ်လာကြတာပဲ၊ သူတို့ဌာနီက ဘယ်မှာဆိုတာတော့ ငါလည်းမသိဘူး၊ သမုဒ္ဒရာကြီးကို ဖြတ်ပြီး ဒီနယ်တစ်လျှောက်မှာ တစ်စခန်း နားကြတယ်၊ ပြီးတော့ ဟို ... ဖလော်ရီဒါပြည်နယ်ဘက်ကို သွားကြတာပဲ၊ အဲဒါလည်း စင်စစ်တော့ ဘယ်သူမှ သေသေချာချာ မသိကြပါဘူး၊ သူတို့ ဘယ် အရပ်ကလာပြီး ဘယ်အရပ်ကို သွားကြတယ်ဆိုတာ သေသေချာချာ ပြောနိုင်ဖို့ အင်မတန် ခဲယဉ်းတာကလားကွယ်"

သူတို့သည် ယင်းသို့ စကားတပြောပြောနှင့် မြင်းစီးလာလိုက်သည်မှာ တောအုပ်အလယ်သို့ ရောက်လာကြလေသည်။ ချုံပုတ်များ တဖြည်းဖြည်း ထူထပ်လာပြီးလျှင် သစ်ပင်များ တဖြည်းဖြည်းနိမ့်၍ အကိုင်းအခက် ထူထပ်လာလေသည်။ တစ်ခါတစ်ရံ သစ်ပင်ကြီးများကို တွေ့နိုင်သည်။ တစ်ခါတစ်ရံ၌လည်း သစ်ပင်ပုကလေးများချည်း တွေ့ရသည်။ တဖြည်းဖြည်းနှင့် မြင်းကြီးပြေးနေသော လမ်းမှာ ကျယ်၍ ကျယ်၍လာသည်။ ချုံပုတ်များလည်း ပါး၍ ပါး၍ သွားတော့သည်။ ခပ်ဝေးဝေးတွင် ဖော်ရက်စတာတို့ နေထိုင်ရာအကွက်၏ ပတ်ဝန်းကျင်တွင် ပေါက်လျက်ရှိသော သစ်ပင်မြင့်ကြီးများကို လှမ်း၍မြင်ကြရသည်။ ဖော်ရက်စတာတို့နေသောအရပ်မှာ ကျွန်းကလေးကဲ့သို့ ဖြစ်နေသဖြင့် ကျွန်းဟူ၍ပင် ခေါ်ကြသည်။

ပဲနီသည် မြင်းပေါ်မှ ခေတ္တဆင်း၍ နောက်မှလိုက်လာသော ခွေးပုကလေးကို ရင်ခွင်တွင်ချီ၍ မြင်းကို ပြန်စီးလေသည်။

mgyoe.com

mgyoe.com

"ဖေဖေကလည်းဗျာ ...၊ ဒီအသုံးမကျတဲ့ခွေးကို ဘာဖြစ်လို့ ချီချင်ရတာတုံး"

"မင်း အသာနေစမ်းပါကွာ"

ယင်းသို့လျှင် သူတို့သည် အုန်းပင်များ ခြံရံလျက်ရှိသည့် အေးချမ်းသာယာလှသည့် ကွက်လပ်ကြီးသို့ ရောက်လာကြသည်။ လမ်းသည် တဖြည်းဖြည်း ကြောင်လိမ်ကွေ့ ကွေ့လျက်ရှိသည်။ သူတို့လည်း မလှမ်းမကမ်းတွင် သစ်ချပင်ကြီးများအောက်၌ရှိသော ဖော်ရက်စတာတို့ လယ်တဲကို မြင်ကြရသည်။

ပဲနီက ..

"ဟော့ .. ဂျော်ဒီ၊ မင်း ဟိုရောက်သွားရင် ဖောဒါးဝင်းကို မစရဘူးနော်"

ဟု သတိပေးလေသည်။

"အို .. ကျွန်တော် စပ့်မလား၊ ဖောဒါးဝင်းက ကျွန်တော့် သူငယ်ချင်းပဲဟာ .."

"ဒီလိုဆိုရင် ကောင်းပါရဲ့ကွာ၊ သူ့ခမျာ ဒီလိုဖြစ်နေရတာလည်း သူ့အပြစ်ရယ်လို့ မဆိုနိုင်ပါဘူး၊ သူ့မှာ ဉာဏ်အဆန်းပေါ်လာတာကိုး၊ ဘယ်တတ်နိုင်မလဲ"

"သူဟာ ကျွန်တော့်ရဲ့ အချစ်ဆုံးသူငယ်ချင်းပါ၊ အော်လီဗာအပြင်ဆိုရင် သူပဲရှိတယ်"

ချက်ချင်းပင် အေးချမ်းငြိမ်သက်လျက်ရှိသောတောပိုင်းကလေးတွင် ဆူညံပေါက်ကွဲသံမျိုးကို ကြားရလေသည်။ တဲထဲ၌ ကုလားထိုင်များဆွဲ၍ပစ်သံများ၊ ယောကျ်ားသံများ၊ ထိုအသံများကို လွှမ်း၍ထွက်လာသော စူးရှသော မိန်းမသံတစ်သံနှင့် ခွေးသံပြင်းပြင်းတို့အပြင် ပြတင်းပေါက် မှန်ကွဲသံတို့ ရောပြွမ်း၍ ထွက်လာလေသည်။

mgyoe.com

mgyoe.com

ထို့နောက် တံခါးပွင့်လာပြီးလျှင် ခွေးများ တသီတတန်းကြီး ထွက်လာကြသည်။ မာဖော်ရက်စတာသည် ခွေးများကို တံမြက်စည်းကြီးနှင့် လိုက်၍ရိုက်သဖြင့် ခွေးများလည်း ဘေးကင်းရာသို့ ကမန်းကတန်း ပြေးကြလေသည်။ မာဖော်ရက်စတာ၏ သားများလည်း သူ့နောက်မှ လိုက်၍ ထွက်လာကြသည်။

"ဒီနေရာက ဆင်းရင် ဘေးကင်းရဲ့လားဗျာတို့"

ဟု ပဲနီက မာဖော်ရက်စတာကို လှမ်း၍ နှုတ်ဆက်သည့်သဘောနှင့် အော်၍ မေးလေသည်။

ထိုအခါ ဖော်ရက်စတာတို့ သားအမိတစ်စုသည် ပဲနီတို့ သားအဖအား ဝိုင်း၍ ဆူညံစွာ နှုတ်ဆက်ကြလေသည်။ နှုတ်ဆက်သည့်ကြားထဲမှ ခွေးများကို လှမ်း၍အော်ကြသည်။

"ဟေ့ .. လာကြကွာ၊ ဟဲ့ခွေး ...၊ တယ် .. ဒီခွေးဟာ .."

စသဖြင့် ခွေးများကို မောင်းလိုက်၊ ဧည့်သည်တို့ကို ကြိုလိုက်နှင့် ရောထွေးဆူညံသွားလေတော့သည်။ ဂျော်ဒီလည်း ဖော်ရက်စတာတို့က သူတို့သားအဖကို အားရဝမ်းသာစွာ ကြိုဆိုသလော။ ဆောင့်ကြီးအောင့်ကြီးနှင့် မလွှဲသာသည့် ကြိုဆိုရခြင်းဖြင့် ကြိုဆိုသလောဟူ၍ ခွေးဟောင်သံများ၊ ဆူညံသံများ ကြားနေရသဖြင့် ခွဲခြား၍ မသိနိုင်သောကြောင့် အနေအထိုင်ကျပ်လျက် ရှိလေသည်။

"ဆင်းကြလကွာ၊ လာကြဟေ့၊ အို .. ဒီခွေးတွေကလည်း .. ဆူလိုက်တာ၊ ဟဲ့ ခွေး .. ဘာမှအသုံးကျတဲ့ အကောင်တွေမဟုတ်ဘူး၊ လာကြဟေ့ .. လာကြ"

ယင်းသို့လျှင် ဖော်ရက်စတာတို့က ပဲနီတို့သားအဖအား ခွေးမောင်းသံနှင့်အတူ ကြိုဆိုကြရာ ခွေးများလည်း တောဘက်သို့ ရှဲသွားကြလေသည်။ ဂျော်ဒီက မြင်းပေါ်မှ အရင်ခုန်ချ၍ ပဲနီက ခွေးကလေးကို ယုယ

mgyoe.com

mgyoe.com

စွာပိုက်ကာ မြင်းပေါ်မှ အသာအယာဆင်းလေသည်။ ဖော်ရက်စတာတို့ တစ်စုလည်း သူတို့ကို ဝိုင်း၍နေကြသည်။ ခပ်ဝေးဝေး တဲလှေကားအနီးတွင် ဖောဒါးဝင်းကို ဂျော်ဒီ လှမ်း၍ မြင်လိုက်ရသည်။ ဖောဒါးဝင်းမှာ ဂျော်ဒီထံသို့ ခပ်သုတ်သုတ်ကလေး ပြေးလာနေလေသည်။ ခါးကုန်းကလေးနှင့် ခြေထောက် ထော့နင်းဖြစ်နေရှာသော ဖောဒါးဝင်း ပြေးလာသည်ကို ကြည့်ရသည်မှာ စိတ်မသက်မသာစရာပင်ဖြစ်တော့သည်။ သူ့ခမျာမှာ သူငယ်ချင်းကိုတွေ့၍ ဝမ်းသာအားရနှင့် ပြေးလာခြင်းဖြစ်သည်။ သူ့အဖို့ ပြေးရခြင်းမှာ လွယ်ကူသက်သာသော အလုပ်မျိုး မဟုတ်ချေ။ သူသည် လက်ကိုင်တုတ်ကလေးကို မကြာခဏ မြှောက်၍ ဂျော်ဒီအား နှုတ်ဆက်လျက်ရှိသည်။ ဂျော်ဒီသည် သူ့ထံသို့ ပြေးသွားလေသည်။ မိတ်ဆွေတစ်ယောက်ကို တွေ့ရသဖြင့် အထူးပင် ဝမ်းသာလျက်ရှိသော ဖောဒါးဝင်းမှာ မျက်နှာကလေး ကြည်လင်လျက်ရှိသည်။

"ဂျော်ဒီ ..."

ဟု သူက ခေါ်လိုက်သည်။

သူတို့နှစ်ယောက်သည် ကြောင်၍ ရပ်ကြည့်နေပြီးနောက် ပြုံးကြလေသည်။ ဂျော်ဒီမှာ တစ်ကိုယ်လုံး ပျံ့နှံ့သွားအောင် ပီတိစိမ့်ဖြာသွားလေသည်။ သူ့အဖို့ကား ဖောဒါးဝင်း၏ ကိုယ်ကာယကလေးမှာ ကောက်လိမ်၍ သာမန်သူငယ်တစ်ယောက်၏ ကိုယ်ကာယကဲ့သို့ အဆင်မပြေခြင်းအတွက် ဘာမျှ ဝန်မလေးချေ။ ပုတ်သင်ကလေးတစ်ကောင်ကို တွေ့ရသကဲ့သို့လည်းကောင်း၊ ပူးကလေးတစ်ကောင်ကို မြင်ရသကဲ့သို့လည်းကောင်း သူ့အဖို့ ဘာမျှ မထူးခြားချေ။ ဖောဒါးဝင်းအား လူကြီးများက စိတ်ကောင်းကောင်းမနှံ့ဘူး၊ ဝမ်းတွင်းရူးကလေးပဲဟု ဆူသံများကို သူသည် ဖောဒါးဝင်းကိုကြည့်နေရင်း တွေးထင်မိလာလေသည်။ အချို့က သူ့အား ယင်းသို့ ဝမ်းတွင်းရူးကလေးပဲဟု ပြောခြင်းမှာ

mgyoe.com